ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (6-1-2015) (၈၀၇၇)

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ရှိနေသည့်ဒေသများတွင် တရားမျှတသည့်ရွေးကောက်ပွဲများကို လွတ်လွတ်လပ်လပ် ကျင်းပနိုင်အောင် ဝိုင်းဝန်းကူညီပေးရန်အတွက် တိုက်တွန်းလို။

# ပြည်တွင်းငြိမ်းချမ်းရေး အရယူနိုင်ရန် တစ်ခုတည်းသောနည်းလမ်းသည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ် နိုင်ငံရေးသဘောတူညီချက်များ ခိုင်ခိုင်မာမာရရှိမှသာ ထာဝရငြိမ်းချမ်းရေးကို အာမခံနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၅

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၂)ဖွဲ့မှ ခေါင်းဆောင်များနှင့် ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)၌ တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုကဲ့သို့ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံသဘင်အခမ်းအနားသို့ တက်ရောက်ရန် မိမိ၏ဖိတ်ကြားမှုအပေါ် အလေးထားတက်ရောက်သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ လွတ်လပ်ရေးနေ့သည် တိုင်းရင်းသားအားလုံး၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်နေ့ဖြစ်ပြီး ယခုကဲ့သို့ ခမ်းခမ်းနားနားမကျင်းပနိုင်သည်မှာ နှစ်ပေါင်း (၅၃)နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဒီမိုကရေစီစနစ် စတင်ကျင့်သုံးစဉ်က ကျင်းပခဲ့သည့် အစဉ်အလာတစ်ရပ်ကို မိမိတို့တာဝန်ယူစဉ်ကာလတွင် ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်သည့်အနေဖြင့် ဗိုလ်ရှုခံအခမ်းအနားကို ခမ်းခမ်းနားနား ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့်အတူ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေချိန်တွင် မိမိတို့အပေါ် ယုံယုံကြည်ကြည်နှင့် အခမ်းအနားကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၂)ဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် မကြာခင်ချုပ်ဆိုနိုင်တော့မည်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက်အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးတည်ချက်များဖြင့် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ထိုအခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် KNU၊ KNU/KNLA(PC)၊ DKBA၊ UWSA၊ NDAA၊ NMSP၊ ALP၊ SSPP/SSA၊ RCSS/SSA၊ NSCN(K)၊ ABSDF ၊ PNLO တို့မှ အဖွဲ့ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

ဗိုလ်ရှုခံအခမ်းအနားအပြီး ဇန်နဝါရီ ၅ ရက်နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် တွေ့ဆုံခဲ့ကြရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်အချို့နှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

အမေး၊ အရေး-ညီညီထွန်း၊ မင်းမင်းဇော်၊ ဟန်နီဝင်း
ဓာတ်ပုံ- သန်းဦး

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

## ထူးခြားသည့်ညအပူချိန်များ

| | |
|---|---|
| ပင်လောင်း | ၈ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၉ ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။



ဒေါ်မြစန္ဒာ(MRTV)

ကမ္ဘာကျော်အဆင့်မြင့်ကိုရီးယားဂျင်ဆင်းကိုရရန်(၆)နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးပက်ဝင်သနပ်ခါးကို ရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။

ကျွန်မမျက်နှာတစ်ခုလုံးမှာ ဝက်ခြံတွေနဲ့မို့ အရွယ်ရောက်ခါစကတည်းက စိတ်ညစ်ခဲ့ရတာ (၁၅)နှစ်ကျော်ခဲ့ပါပြီ။ လိမ်းဆေး ၊စားဆေး အပြင် တိုင်းရင်းဆေး နိုင်ငံခြား ဆေးတွေပါ ကျွန်မ မျက်နှာပေါ်ကဝက်ခြံတွေကို ဆလံသကြရပါတယ်။ ဘယ်ဆေးနဲ့မှကို မပျောက်ပါဘူးရှင်။ ရိုးရိုးသားသားဝန်ခံရရင် ရွှေပြည်နန်းသနပ်ခါးကြော်ငြာတွေကို နေရာအနှံ့အပြားမှာတွေ့ရပေမယ့် ထူးမခြားနားသီချင်းလိုပဲ သိပ်ထူးခြားမယ်လို့မထင်ခဲ့မိတာအမှန်ပါ။ ဒါပေမယ့်ရွှေပြည်နန်းသနပ်ခါးဟာ ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှာ ချီးမြှင့်တဲ့ ၂၀၀၈ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးဆု( 2008 GLOBAL EXCELLENCE AWARDS ) ၂၀၀၉ခုနှစ် လူထုရွေးချယ်မှုအကောင်းဆုံးဆု ( 2009 PEOPLE'S CHOICE AWARDS ) ဆိုတဲ့ဆုတွေကိုတောင် ချီးမြှင့်ခံရပြီဆိုကတည်းက စိတ်မဝင်စားလို့ကို မရတော့ဘူးပေါ့။ အဲဒါကြောင့် မိတ်ကပ်နဲ့တစ်ခြားဆေးတွေကို လုံးဝမလိမ်းတော့ဘဲ နောက်ဆုံးကျည်ဆံ အဖြစ်နဲ့ ရွှေပြည်နန်းသံပရာသနပ်ခါး တစ်မျိုးတည်းကိုသာ မနက်တစ်ခါ ညတစ်ခါ လိမ်းလိုက်ရုံနဲ့တစ်လအတွင်းမှာပဲ သိသိသာသာထူးခြားလာပြီး အခုဆိုရင် လုံးဝပျောက်ကင်းသွားပါပြီ။ ရွှေပြည်နန်းကောင်းကြောင်း ပြောမယုံကြုံဖူးမှသိခဲ့ရပါတယ်။ ရွှေပြည်နန်းလေး အောင်မြင်မှုသရဖူကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

ဒေါ်မြစန္ဒာ ၊ ရုပ်သံကျွမ်းကျင်(၂)၊ MRTV ၊ နေပြည်တော် ၊တပ်ကုန်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဦးမိုးနှင်းအောင်၊ အငယ်တန်းလက်ထောက်၊ ကမ္ဘောဇဘဏ်၊ ကြည်တော်ကုန်းရပ်၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ် အပ်ပါသည်)

ကြေးမုံ စာတည်းရှုထောင့် ၆-၁-၂၀၁၅၊ အင်္ဂါနေ့

# ပြည်ထောင်စုအိမ်ကြီး

ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခြင်းကို နှစ်စဉ်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ချီးမြှင့်ပေးလေ့ရှိသည်။ ယခုနှစ်လွတ်လပ်ရေးနေ့တွင် ၂၀၁၂ ခုနှစ် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများနှင့် ၂၀၁၃ ခုနှစ် ချီးမြှင့်ခံရသူပုဂ္ဂိုလ်များကိုပါ ချီးမြှင့်ပေးခဲ့ပါသည်။

နိုင်ငံတော်အတွက် ကြံ့ခိုင်သောစိတ်ဓာတ်၊ စံတင်လောက်သည့်စွမ်းရည်၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းမျိုးနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်ခဲ့သည်။ ထိုသို့ ဂုဏ်ပြုချီးမြှင့်ခံရခြင်းသည် မိမိတို့ဘဝများအား ခက်ခဲကြမ်းတမ်းစွာ ကျော်ဖြတ်ကာ အောင်မြင်စွာကျော်လွှားနိုင်ခဲ့သည့် စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ထားသည့် သင်္ကေတလည်းဖြစ်သည်။ မိမိတို့၏ဘဝတစ်သက်တာအတွက်သာမက မိမိတို့၏သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာ အထိမ်းအမှတ်တစ်ခုလည်းဖြစ်သည်။

နိုင်ငံတော်၏ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံယူရရှိခြင်းသည် မျိုးဆက်သစ်လူငယ်များအား တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မထိပါးမဆုံးရှုံးရအောင် ၎င်းတို့ကဲ့သို့ ကာကွယ်စောင့်ရှောက်နိုင်ကြစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းအားထုတ်နိုင်ကြစေရန် တိုက်တွန်းအားပေးလှုံ့ဆော်ရာလည်း ရောက်ပေသည်။

ယခုနှစ်အတွက် ထူးခြားချက်တစ်ရပ်မှာ မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသော အသက် (၁၀၀) နှစ်နှင့်အထက် အဘိုးအဘွား ၅၆၉ ဦးတို့အား ယခုလွတ်လပ်ရေးနေ့မှစတင်၍ ဂုဏ်ပြုခံသက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ချီးမြှင့်နိုင်ခြင်းဖြစ်သည်။ ထိုသို့ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားသော ရန်ပုံငွေထဲမှ တစ်ဦးလျှင် ကျပ်နှစ်သိန်းစီပေးအပ်ခြင်းဖြစ်၍ အဘိုးအဘွားများအတွက် ဝမ်းမြောက်ပီတိဖြစ်မိပါသည်။

လွတ်လပ်ရေးနေ့သည် နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့မြတ်တွင် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုခြင်းမှာ အဆိုပါပုဂ္ဂိုလ်များ၏ နိုင်ငံတော်နှင့် လူမျိုးအတွက် ထူးကဲစွာစွမ်းဆောင်နိုင်မှုများကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုခြင်းဖြစ်ရာ အဆိုပါပုဂ္ဂိုလ်များအား ပြည်ထောင်စုမြန်မာနိုင်ငံသားများက ဝမ်းသာပီတိဖြစ်၍ အတုယူအားကျကြမည်ဖြစ်သည်။ နိုင်ငံ့လွတ်လပ်ရေးကို ရယူနိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းများအတွက် အသိအမှတ်ပြုကြရမည်ဖြစ်သည်။

တည်တံ့ခိုင်မြဲနေသော နေအိမ်ကြီးတစ်လုံးတွင် လက်ရှိနေထိုင်ကြကုန်သော လူတို့တွင် ထိုနေအိမ်ကြီး ပြိုလဲပျက်စီးခြင်းမရှိအောင်၊ ထိုနေအိမ်ကြီး ကြံ့ခိုင်အောင်၊ ထိုနေအိမ်ဝန်းကျင်တစ်ခုလုံး သာယာလှပအောင် ဆောင်ရွက်နေကြသူများအား ထိုနေအိမ်တွင် နေထိုင်ကြသူများ အားလုံး အားကျစေလိုသောသဘောဖြစ်သည်။ ထိုနေအိမ်ကို ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ထိုနေအိမ်ကြီးရေရှည်တည်တံ့ခိုင်မြဲပြီး မိသားစုအားလုံး ပျော်ရွှင်ချမ်းမြေ့သာယာနေမည့်သဘော ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုအိမ်ကြီး အစွန့်ရှည်တောက်ပြောင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်ညီသည့်အပြင် အတုယူအားကျ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ မိမိတို့လည်း ထိုသူများကဲ့သို့အားကျအတုယူကာ တတ်နိုင်သည့်ဘက်မှ တတ်နိုင်သလောက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်းဖြင့် ပြည်ထောင်စုအိမ်ကြီးတွင် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ပြီး မိမိတို့၏ အလိုဆန္ဒများ ပြည့်စုံစေနိုင်မည်ဖြစ်ပါသည်။ ။

## အရည်အချင်းနှင့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝသူများလာရန် ဆောင်ရွက်ပေးလျက်ရှိ


**နေပြည်တော် ဇန်နဝါရီ ၅**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေနှင့်အညီ အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အမျိုးသားပညာရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေး ရည်မှန်းချက်များ အောင်မြင်ရန်အတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ အမျိုးသားပညာရေးဥပဒေနှင့်အညီ အခြေခံပညာကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်းများ တိုးတက်အောင်မြင်လာစေရန်အတွက် ကျောင်းအဆင့်များတိုးမြှင့်ပေးခြင်း၊ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများ၊ ရွှေ့လျားကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျောင်းအခြေပြုမူကြိုပညာရေးကို တိုးချဲ့အကောင်အထည်ဖော်ခြင်း၊ ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လက်ရှိကျောင်းဆောင်များ ဥပဓိရုပ်ကောင်းမွန်အောင် ပြုပြင်ပေးခြင်း၊ လူတိုင်းအကျုံးဝင်ပညာရေးကို ဦးတည်အကောင်အထည်ဖော်ခြင်း၊ ခေတ်မီသင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ အခြေခံပညာကျောင်းများတွင် ပညာရေးအရည်အသွေးမြင့်မားအောင်ဆောင်ရွက်ခြင်း စသည်တို့ကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ကာ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ဒီမိုကရေစီ အလေ့အကျင့်ကောင်းများကို မွေးမြူပေးနိုင်ရန်အတွက် အခြေခံပညာကျောင်းများမှာ ကျောင်းကောင်စီအဖွဲ့များကို ဖွဲ့စည်းပေးလျက်ရှိပါကြောင်း၊ တစ်ဖက်မှာလည်း လူမှုဝန်ထမ်းစိတ်ဓာတ်နှင့် ပရဟိတစိတ်ဓာတ်ကောင်းများကို လေ့ကျင့်ပံ့လောင်းပေးနိုင်ရန်အတွက် ကင်းထောက်လူငယ်အဖွဲ့များနှင့် ကြက်ခြေနီလူငယ်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးနေပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းနှင့် သင်ယူတတ်မြောက်မှုအကဲဖြတ်နိုင်ရန်အတွက် ခရိုင်အဆင့် စတုတ္ထတန်းစာမေးပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဋ္ဌမတန်းစာမေးပွဲများကို ယခုနှစ်မှစပြီးကျင်းပဖို့ စီစဉ်လျက်ရှိပါကြောင်း။

နိုင်ငံတကာအဆင့်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ဆရာ ဆရာမများ၏ အရည်အချင်းနှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန်အတွက် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု ဆရာ ဆရာမများအနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအသိစိတ်ဓာတ်ကောင်းများ ရင့်သန်အောင် မွေးမြူကြရမည်ဖြစ်ကြောင်း စသည်ဖြင့်မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



## ဓမ္မပူဇာသဘင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၅**

သာသနဟိတဓရေအသင်း နေပြည်တော်မှ ပင့်ဖိတ်စီစဉ်ထားသော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ မဟာထေမြတ်ကြီးက တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ဇန်နဝါရီ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)၊ ၉ ရက် (သောကြာနေ့) ညစဉ် ၇ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၅**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၁၅၀၀ - ၆၆၂၅၀၀ | | (ခ) ဥရောပ | တစ်ယူရို | = ၁၂၃၀.၁ |
| မန္တလေး ရွှေဈေး | ၆၆၁၆၀၀ - ၆၆၂၆၀၀ | | (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၉.၉၂ |
| **စက်သုံးဆီဈေးနှုန်း** | | | (ဃ) တရုတ် | တစ်ယွမ် | = ၁၆၅.၁၆ |
| (က) ဒီဇယ် | တစ်လီတာ | ၇၈၀ ကျပ် | (င) ထိုင်း | တစ်ဘတ် | = ၃၁.၁၀၃ |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၀၀ ကျပ် | (စ) မလေးရှား | တစ်ရင်းဂစ် | = ၂၉၁.၅၂ |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၇၃၀ ကျပ် | (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၆.၁၉၇ |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် | (ဇ) ဂျပန် | တစ်ရာယန်း | = ၈၅၀.၆၆ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃.၁၇၃ |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ | (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၂၉.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း


Fuel Myanmar with Positive Energy
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
နှစ်သစ်မှာ အောင်မြင်ချင်သူတိုင်းအတွက် နှစ်သစ်ကူး အထူးအောင်မြင်ရေးသင်တန်း (New Year Success Training)
သင့်ဘဝကို ပြောင်းလဲသွားစေမည့် အတွေးအခေါ်များ၊ စိတ်ထားများ၊ အပြုသဘောတွေးခေါ်မှု၊ ဘဝစီမံကိန်း (Life Plan) ရေးဆွဲနည်း၊ အရှုံးများနှင့် ရင်ဆိုင်နည်း၊ လူတွေရဲ့ဝေဖန်မှုကို အောင်မြင်မှုအဖြစ် ဘယ်လိုပြောင်းမလဲ၊ အခက်အခဲမှ အခွင့်အလမ်းသို့ ပြောင်းလဲနည်းများ။ Mon-Tue (2;30pm to 4;30pm)1 Month 12-1-2015 စမည်။
ဘဝမှာ အောင်မြင်စေနိုင်မည့် လက်တွေ့အသုံးချ Success Model ကိုပါ သင်ကြားပေးပါမည်။
အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ လိုအပ်ချက်အလိုက် Corporate Training များ သင်ကြားပို့ချပေးသည်။


တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်။
သင်တန်းများအားလုံးကို ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့ချေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
Campus 1-(209/B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Can Contact : 548500, 095010014, 098628594, 0943121060 Fax : 548500 website : www.lynnthaiknyunt.com



နန်းဦးလှိုင် ရွှေစက်တော် ခြေတော်ရာဖူးပွဲ
● ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေး၊ မြသလွန်၊ ပြည်(၃)ရက် ကြိုတင်လက်မှတ်ရောင်းပြီ။
● ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၅)ရက်
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ တောင်ကြီး၊ အင်းလေး၊ ထမ်စမ်းဂူ၊ မွေတော်ကက္ကူ(၈)ရက်
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
● ရွှေစက်တော်ညအိပ် နှင့် ရခိုင်မြောက်ဦး၊ စစ်တွေ၊ ကျောက်တော် မဟာမုနိ နှင့်ဘုရားစုံဖူး (၈)ရက်
● ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက်(၂၂-၁-၂၀၁၅) နေ့နှင့်အပတ်စဉ်သောကြာထွက်မည်
● အလောင်းတော်ကဿပ(သီးသန့်)(၃)ရက် ● ထားဝယ်ရှင်ကိုးရှင်၊ ကျိုက္ခမီ(၆)ရက်/မြိတ်(ဘိတ်)(၈)ရက်
● ကျိုက်ထီးရိုး(နေ့စဉ်) ● ပြည်အကောက်တောင်(ရုံးပိတ်ရက်) ☎ 01-391577, 09-5122961
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597




ချာဖို့သား
အဆင့်မြင့် ဘုရားဖူး နှင့် ကမ်းခြေအပန်းဖြေမြို့တော်ရေး
တန်မှတန်တဲ့ အထူးစပါယ်ရှယ်ချောင်းသာခရီးစဉ်
ချောင်းသာကမ်းခြေမှာ ရဲရင့်ရဲအောင် STAGE SHOW ကြည့်ရင်း
သွားမည့်ရက် 16-1-2015
INTERNET DANCER
GOLDEN BEACH HOTEL
ဆက်သွယ်ရန် - Ph:09 425334456, 09 49323965, 09 49578205, 09 250233599

## ပြည်တွင်းရေးရာ

**○ ပြည်တွင်းငြိမ်းချမ်းရေးမှ**

တက်ရောက်ပေးသည့် အတွက် ဝမ်းမြောက်ပါကြောင်းကို ထပ်လောင်း ပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီကို အသွင်ကူးပြောင်းရာတွင် ပြည်တွင်း ငြိမ်းချမ်းရေးသည် အဓိကအခန်း ကဏ္ဍမှပါဝင်နေပါကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးကို အရယူနိုင်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းသည် နိုင်ငံရေး ဆွေးနွေးပွဲသာဖြစ်ပါကြောင်း၊ နိုင်ငံရေးသဘောတူညီချက်များကို ခိုင်ခိုင်မာမာရရှိမှသာ ထာဝရ ငြိမ်းချမ်းရေးကို အာမခံနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံး စတင်နိုင်ရန်အတွက် နှစ်ပေါင်း (၆၀)ကျော် ပစ်ခတ်တိုက်ခိုက်မှုများကို အရင်ဆုံးရပ်ဆိုင်းပစ်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းသိမ်း မထားနိုင်လျှင် ဆွေးနွေးပွဲများကို နောက်ပြန်ဆွဲသလိုဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်စဲရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရန်အတွက် စောင့်ကြပ် ထိန်းသိမ်းသွားမည့် အဖွဲ့များကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မိမိတို့အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့် အုတ်မြစ်ကိုချပေးရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဒုတိယအရေးကြီးသည့်အချက်မှာ ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးပင်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ရှိနေသည့် ဒေသများတွင် တရားမျှတသည့် ရွေးကောက်ပွဲများကို လွတ်လွတ်လပ်လပ် ကျင်းပနိုင်အောင် ဝိုင်းဝန်းကူညီပေးရန်အတွက် တိုက်တွန်းလိုပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီးပါက ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ **ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး**က လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဗိုလ်ရှုသဘင် အခမ်းအနားတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ကြားသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လွတ်လပ်ရေးနေ့သည် သမိုင်းကြောင်းအရ အလွန်အရေးကြီးသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးကိုရရှိနိုင်ရန် အဓိကကျောရိုးကြီးသည် ပင်လုံစာချုပ်ပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးပေါင်းစုံအပါအဝင် ပြည်သူလူထုကြီး တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ခေါင်းဆောင်များက ပင်လုံစာချုပ်ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ယနေ့မြန်မာနိုင်ငံ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီး မကြာမီတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည့် အဖြစ်အပျက်များမှနေ၍ လက်နက်ကိုင်ပဋိပက္ခများ ရင်ဆိုင်တွေ့ကြုံခဲ့သည့်ကာလမှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်နိုင်ရန်နှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ဆွေးနွေးအဖြေရှာကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံရေးအရ အဖြေရှာပြီးမှသာ ဒီမိုကရေစီစနစ်ကိုအခြေခံသည့် ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားနေကြပြီဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲနှင့် ဘယ်လိုအတားအဆီးမျိုးရှိနေပါစေ ထိုအခက်အခဲများကို ဘယ်လိုဖြတ်ကျော်နိုင်မည်ဆိုသည်ကို ဝိုင်းဝန်းကြိုးစားပြီး အဖြေရှာကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာကို အကြမ်းဖက် ဖြေရှင်းတတ်သည့် ယဉ်ကျေးမှုမှတစ်ဆင့် တွေ့ဆုံဆွေးနွေးပြီး အဖြေရှာတတ်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ကြိုးစားတည်ဆောက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားပြီး ငြိမ်းချမ်းရေးရရှိနိုင်သည်အထိ သန္နိဋ္ဌာန်ချကြရန်နှင့် ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ရန် အရေးကြီးပါကြောင်း၊ "အရှိကိုအရှိအတိုင်း အပြန်အလှန်အသိအမှတ်ပြုမှု၊ လေးစားမှု၊ ပွင့်ပွင့်လင်းလင်းနှင့် ရိုးသားမှုကိုအခြေခံပြီး ဆွေးနွေးလုပ်ဆောင်ကြရန်"လည်း တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ခေါင်းဆောင်အားလုံးက ငြိမ်းချမ်းရေးကို လိုလားသည့် မိမိတို့၏ ရည်ရွယ်ချက်များ၊ စေတနာများကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့သည် ပြည်သူများ၏ ဆန္ဒ(၂)ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အရေးကြီးပါကြောင်း။

မိမိတို့အားလုံးသည် မတူကွဲပြားမှုများကို လက်ခံရန်လိုအပ်သကဲ့သို့ ဘုံသဘောတူညီချက်များကို ရှာဖွေပြီး ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့ဆန္ဒများကို တစ်ဖက်မှလက်ခံအောင် အတင်းအကျပ် ဖိအားပေးဆောင်ရွက်၍ မဖြစ်နိုင်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခဖြစ်စဉ်များတွင် မည်သည့်ဘက်ကမှ အနိုင်မရသည်ကို မိမိတို့ တွေ့မြင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တည်ဆောက်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ အမြန်စတင်ရန် လိုအပ်ပါကြောင်း။

မိမိတို့ ဆွေးနွေးခဲ့သကဲ့သို့ပင် ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရန်အရေးကြီးပါကြောင်း၊ နိုင်ငံတကာကလည်း စိတ်ဝင်စားနေပြီး ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှုသည် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာပင်ဖြစ်ပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် မည်သူတာဝန်ယူသည်ဖြစ်စေ မိမိတို့စတင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာချမှတ်ခဲ့ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေး ဆွေးနွေးမှုများ အမြန်ဆုံးစတင်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးသန်းငွေ၊ ဦးရဲထွဋ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ **ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး**နှင့် အဖွဲ့ဝင်များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် အထူးဒေသ-၂ (UWSA-2) ဗဟိုကော်မတီဝင် **ဦးပေါက်ယူရီ**နှင့် အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ-၄ (NDAA)ဒုတိယဥက္ကဋ္ဌ **ဦးဆန်ပေ့**နှင့် အဖွဲ့ဝင်များ၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) စစ်ရေးချုပ်/စစ်ထောက်ချုပ် **ဗိုလ်ချုပ်စောရင်နု**နှင့် အဖွဲ့ဝင်များ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ဒုတိယစစ်ဦးစီးချုပ် **ဗိုလ်ချုပ်စောမိုရှေး**နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် **နိုင်ဟံသာဘုံခိုင်**နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ **ရဲဘော်သံခဲ**နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA) နာယက **ဦးဆေးထင်**နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဗဟိုကော်မတီဝင် **ဗိုလ်မှူးကြီး စိုင်းလှ**နှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါ်စောမြရာဇာလင်းနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)နာယက **ခွန်ဥက္ကာ**နှင့် အဖွဲ့ဝင်များ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN(K) ဗဟိုကော်မတီဝင် **ဦးအင်ကမ်း**နှင့် အဖွဲ့ဝင်များနှင့် မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆-၁-၂၀၁၅ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | အဖွင့် -လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်) (အပိုင်း-၅) |
| ၆း၃၀ | အလက်ာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ (အပိုင်း-၃) |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၄) |
| ၇း၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ပြေတီဦး) |
| ၇း၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၇) |
| ၈း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၈) |
| ၉း၁၀ | တေးဂီတအစီအစဉ် (စတီရီယို) |
| ၉း၂၅ | ပြည်သူ့နီတိ "အတုမြင်အတတ်သင်" |
| ၉း၄၅ | ASEAN China Cultural |
| ၁၀း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ခြံ" (လူမင်း၊ ထွန်းအိန္ဒြာဗို၊ အေးမြတ်သူ) (ဒါရိုက်တာ-လူမင်း) |



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း။



ပဒိုစောကွယ်ထူးဝင်း။



ဦးခွန်ဥက္ကာ။



ဒေါ်စောမြရာဇာလင်း။

● ရွှေဖုံးမှ

**ဒေါ်စောမြရာဇာလင်း**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ဟာ ခိုင်မာတဲ့ သဘောတူဆုံးဖြတ်ချက်တစ်ခုခုရမှသာ ကျွန်မတို့တိုင်းပြည်ရဲ့ အပြောင်းအလဲဟာ ခိုင်မာမှုရှိလာမယ်ဆိုတဲ့အပေါ်မှာတော့ သဘောတူစာချုပ်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးနဲ့အစိုးရက နှစ်ဖက်သဘောတူညီပြီး လက်မှတ်ထိုးဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့တိုင်းပြည်ရဲ့ အနာဂတ်အတွက် ဒီစာချုပ်ဟာ အင်မတန်အရေးကြီးတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။ ဒီနေ့ တွေ့ဆုံပွဲမှာ နိုင်ငံတော်သမ္မတကြီး ပြောသွားတဲ့အချက် (၄) ချက်ကို သတိထားမိပါတယ်။ အဲဒါတွေက ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေး သဘောတူညီချက်များကို ခိုင်မာစေရေးနဲ့ ၂၀၁၅ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိရေးအတွက် အားလုံးဝိုင်းဝန်းကူညီဖို့ လိုတယ်ဆိုတဲ့ အချက်တွေအပေါ်အခြေခံပြီး သမ္မတကြီးက မိန့်ကြားသွားတာဖြစ်ပါတယ်။ ကျွန်မတို့တိုင်းရင်းသားတွေ အားလုံး မျှော်မှန်းတာကလည်း နိုင်ငံရေးအပြောင်းအလဲ တစ်ခုကို လုပ်မယ်ဆိုရင် ဒီပစ်ခတ်တိုက်ခိုက်မှုကိုမရပ်ဘဲ ကျွန်မတို့လိုချင်တဲ့ အပြောင်းအလဲကိုရဖို့ဆိုတာ မလွယ်ကူပါဘူး။ အဲဒါကြောင့် ကျွန်မတို့အားလုံး ပစ်ခတ်တိုက်ခိုက်မှုကို ရပ်ကိုရပ်ဖို့ လိုအပ်တယ်ဆိုတဲ့ သဘောတူညီချက်အပေါ်မှာ အားလုံးနားလည်သဘောပေါက်ကြပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းရမယ်ဆိုတဲ့ သဘောတူညီချက်ကတော့ အားလုံးမှာ အမြင်ရှိကြပါတယ်။ ကျွန်မတို့တိုင်းရင်းသားအားလုံးမျှော်မှန်းနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့ရာအတွက် ဒီစာချုပ်ဟာအင်မတန်အရေးကြီးတဲ့စာချုပ်အဖြစ် မှတ်ယူပါတယ်။ ဒီသဘောတူစာချုပ်ကြီး အမြန်ဆုံးအကောင်အထည်ဖော်ပြီး လက်မှတ်ထိုးနိုင်ဖို့အတွက် ကျွန်မတို့အားသွန်ခွန်စိုက် ကြိုးစားနေကြတာဖြစ်ပါတယ်။ ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးမယ်ဆိုတာနဲ့ ပတ်သက်ပြီး သမ္မတကြီးရဲ့ မိန့်ခွန်းမှာ ကြားလိုက်ရတာက ပြည်ထောင်စုဆိုတာ ကျွန်မတို့ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကိုပြတဲ့ သင်္ကေတဖြစ်တယ်၊ ရက်ထူးရက်မြတ်လည်းဖြစ်တယ်ပေါ့။ အခုလည်း ပိုပြီးခိုင်မာတဲ့ ပြည်ထောင်စုကြီးကို တိုင်းရင်းသားအားလုံးနဲ့ ထပ်ဆင့်ပြီးခိုင်မာအောင်လုပ်တဲ့သဘောနဲ့ ပြည်ထောင်စုနေ့မှာ ဒီစာချုပ်ကို လက်မှတ်ရေးထိုးမယ်ဆိုတဲ့ သမ္မတကြီးရဲ့ အာသီသကို ဖွင့်ပြောသွားတာလည်းရှိပါတယ်။

ငြိမ်းချမ်းရေးဆိုတာ တစ်ဖက်ကပဲ လိုချင်လို့မရပါဘူး။ အားလုံးလိုချင်မှရပါမယ်။ အဓိကကတော့ မိမိကိုယ်တိုင်က ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်ဖို့လိုတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးရဖို့လိုတဲ့အခြေခံအပေါ်မှာ အားလုံးဝိုင်းဝန်းကြိုးပမ်းဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှုဟာ အင်မတန်အရေးကြီးတယ်ဆိုတာ ပြောချင်ပါတယ်။

**ဦးခွန်ဥက္ကာ**
**နာယက**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အစဖြစ်တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်နိုင်ဖို့ တွေ့ဆုံညှိနှိုင်းတာဟာ ထူးခြားချက်တစ်ခုပါ။ လက်ရှိပြည်ထောင်စုအစိုးရက ဦးဆောင်ပြီးခေါ်ယူတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကနေ ပြည်နယ်အဆင့် ပြည်ထောင်စုအဆင့်အဖွဲ့ ၁၆ ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးတာရှိတယ်။ သို့သော်လည်း တစ်နိုင်ငံလုံးယေဘုယျအားဖြင့် လွှမ်းခြုံတဲ့ အပစ်အခတ်ရပ်စဲရေးရရှိအောင် ကျွန်တော်တို့ ညှိနှိုင်းရေးတွေ လုပ်ကြပါတယ်။ အဲလိုလုပ်တဲ့နေရာမှာ ပြည်ထောင်စုအစိုးရက ဆွေးနွေးတဲ့အဖွဲ့ဖွဲ့သလို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် ၁၆ ဖွဲ့ကလည်း ဆွေးနွေးရေးအဖွဲ့ကို ဖွဲ့ပါတယ်။ ဒါကို ကျွန်တော်တို့က NCCT လို့ ခေါ်ပါတယ်။ NCCT နဲ့ UPWC ဆွေးနွေးမှုဟာလည်း သဘောတူညီချက်တွေရဖို့ လက်တစ်ကမ်းပဲ လိုတော့တယ်လို့ ပြောလို့ရပါတယ်။

**ပဒိုစောကွယ်ထူးဝင်း**
**အထွေထွေအတွင်းရေးမှူး**
**ကရင်အမျိုးသားအစည်းအရုံး(KNU)**

ဒီနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ လက်မှတ်ရေးထိုးဖို့ ဖြစ်စေချင်တဲ့ ဆန္ဒရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ ပြည်ထောင်စုနေ့ဆိုတာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ စတင်လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုတာ ပေါ်ပေါက်လာတာပါ။ ကျွန်တော်တို့ ညှိနှိုင်းရေးအဖွဲ့ နှစ်ဖွဲ့စလုံးက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အမြန်ဆုံးရရှိနိုင်ဖို့ ကြိုးစားဆောင်ရွက်နေတာဖြစ်တယ်။ ကျွန်တော်တို့ ဆွေးနွေးပွဲမှာ သဘောတူညီချက် အတော်တော်များများ ရရှိခဲ့တယ်။ အချက်အလက် အနည်းငယ်ပဲကျန်ရှိပြီး ဖေဖော်ဝါရီ ၁၂ ရက်မတိုင်မီ ကာလအတွင်းမှာ ညှိနှိုင်းလုပ်ဆောင်နိုင်မယ်ဆိုရင် အကုန်လုံးသဘောတူညီနိုင်တဲ့အတွက် ကျွန်တော်ပြောတာဖြစ်ပါတယ်။ ဒါကတော့ ဆန္ဒရှိတာပါ။ နောက်တစ်ခုကတော့ နှစ်ဖွဲ့ရဲ့ ဆွေးနွေးမှုအပေါ်မှာလည်း မူတည်ပါတယ်။ သဘောထားအပေါ်မှာလည်း မူတည်ပါတယ်။

ပြည်ထောင်စုနေ့ဆိုတာက ကျွန်တော်တို့ နိုင်ငံရဲ့ သမိုင်းဝင်နေ့ရက် ဖြစ်တယ်။ ကျွန်တော်တို့ ပြည်ထောင်စု စတင်ပေါ်ပေါက်လာတာကလည်း ဖေဖော်ဝါရီ ၁၂ ရက် ပင်လုံသဘောတူညီချက်ကနေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီနေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့မယ်ဆိုရင် ဒုတိယသမိုင်းဝင် နေ့ရက်တစ်ရက်ဖြစ်မယ်လို့ ခံယူတဲ့အတွက်၊ ဆန္ဒရှိတဲ့အတွက် လက်မှတ်ရေးထိုးလိုတာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**
**သမ္မတရုံးဝန်ကြီးဌာန**

ကျွန်တော်တို့ နောက်ဆုံး ဒီဇင်ဘာ ၂၂ ရက် ၂၃ ရက်မှာ ရန်ကုန်မှာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ NCCT အဖွဲ့တွေ တွေ့ဆုံခဲ့ပါတယ်။ စာချုပ်ထဲမှာပါတဲ့ အချက် ၁၀၃ ချက်ထဲက ဆွေးနွေးရန် ကျန် ၈ ချက်ကို ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့နေရာမှာလည်း အားလုံးကို ဆွေးနွေးနိုင်တယ်လို့ ပြောလို့ရပါတယ်။ ဒီဆွေးနွေးချက်တွေကို သက်ဆိုင်ရာ ခေါင်းဆောင်တွေကို ပြန်ပြီးတင်ပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံတော်သမ္မတကြီးကို တင်ပြပြီးဖြစ်ပါတယ်။ သူတို့ဘက်ကလည်း တင်ပြပြီး သဘောတူညီတယ်ဆိုရင် ဒီစာချုပ်တစ်စောင်လုံးကို သဘောတူသွားပြီလို့ ပြောလို့ရပါတယ်။

ဒီနေရာမှာလည်း တိုင်းရင်းသားတွေဘက်က မြန်မြန်သွားချင်တဲ့သူရှိသလို ဖြည်းဖြည်းသွားချင်တဲ့သူတွေလည်း ရှိပါတယ်။ မြန်မြန်သွားချင်တဲ့ တိုင်းရင်းသားတွေက ဒီဇင်ဘာ ၂၂ ရက် ၂၃ ရက်ဆွေးနွေးပွဲမှာ ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးကြရအောင်လို့ ပြောခဲ့တာလည်း ရှိပါတယ်။ ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးနိုင်ဖို့ ကြားထဲမှာ ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးနဲ့လည်း တွေ့သင့်ပါတယ်။ ဒါကြောင့်မို့ နှစ်ပေါင်းအတော်ကြာမှ ပြန်လည်ကျင်းပနိုင်ခဲ့တဲ့ ဗိုလ်ရှုခံအခမ်းအနားကို တိုင်းရင်းသားခေါင်းဆောင်တွေ ဖိတ်လိုက်ပါတယ်။ ကျွန်တော်တို့နဲ့ ဆွေးနွေးနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၆ ဖွဲ့ရှိတဲ့အထဲက ၁၆ ဖွဲ့စလုံးကို ဖိတ်ပါတယ်။ အဲဒီထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ၄ ဖွဲ့ မတက်နိုင်ပါဘူး။ မတက်နိုင်တဲ့အကြောင်းကိုလည်း ကျွန်တော်တို့ဆီ စာတွေလာပါတယ်။ သူတို့ ပြင်ဆင်ချိန်မရလို့ပါ၊ ဝေးနေလို့ပါ၊ ဥက္ကဋ္ဌတွေ ခရီးထွက်နေလို့ပါဆိုတဲ့ ပြန်စာတွေလာပါတယ်။ အဲဒီအဖွဲ့တွေက KIA ရယ် TNLA ရယ် KNPP ရယ် CNF ရယ်ဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့ ၁၂ ဖွဲ့စလုံးက လာရောက်ပါတယ်။ ဒီကိုလာရောက်ပြီး လူကြီးတွေတွေ့ပြီး ဆွေးနွေးမှ ယုံကြည်မှုပိုမိုတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ယခုဆွေးနွေးပွဲမှာလည်း တိုင်းရင်းသားခေါင်းဆောင်များက သူတို့လိုချင်တဲ့အချက်တွေ သမ္မတကြီးကို တင်ပြပါတယ်။ သမ္မတကြီးကလည်း သူပြောနိုင်တာမှန်သမျှ ပြောပြခဲ့ပါတယ်။ သူတို့ကိုယ်တိုင်လည်း သမ္မတကြီးကိုယ်တိုင် ပြောတာကြားသွားပြီ။ သမ္မတကြီးကလည်း အချို့ကိစ္စတွေ တာဝန်ယူထားတာဖြစ်တဲ့အတွက် ပိုပြီးတော့ ယုံကြည်မှုတည်ဆောက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးဟာ ရှေ့ကို တဖြည်းဖြည်းတိုးနေတယ်လို့ ပြောလို့ရပါတယ်။ ဘယ်နေ့ လက်မှတ်ထိုးနိုင်တယ်ဆိုတာ တိတိကျကျ မပြောနိုင်သော်လည်း မကြာခင်မှာ ထိုးနိုင်ဖို့ကို နှစ်ဖက်ပြင်ဆင်နေတယ်။ ကြိုးစားနေပါတယ်။

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။**

**ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘူလ်ဂေးရီးယားသမ္မတ မစ္စတာ ရိုဇန်ပလီနီလိဗ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင်ဘူလ်ဂေးရီးယားပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစွာဖြင့်အစစအရာရာ အောင်မြင်မှုများရပါစေကြောင်း၊ မြန်မာနိုင်ငံပြည်သူများလည်း ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝပါစေကြောင်း၊ ဥရောပ-အာဆီယံနှင့်အာရှ-ဥရောပ အစည်းအဝေးပွဲများမှတစ်ဆင့် မြန်မာနိုင်ငံနှင့်ဘူလ်ဂေးရီးယားနိုင်ငံတို့၏ ဆက်ဆံရေးသည် ပိုမိုခိုင်မြဲလာပါကြောင်း၊ အဆွေတော်ဦးဆောင်သော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေးတရားမျှတမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစသည့် ဒီမိုကရေစီပြောင်းလဲမှုများကို မိမိအနေဖြင့် ထောက်ခံပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ကြိုဆိုပါကြောင်း၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံကြား ဆက်ဆံရေးတိုးမြှင့်နိုင်ခဲ့သည့် ၂၀၁၄ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့သည့်အတွက် အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒင်နီယယ်မီတော့ဗ်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**ဆားဘီးယားသမ္မတနိုင်ငံ**

နိုင်ငံတော် သမ္မတဦးသိန်းစိန်ထံသို့ ဆားဘီးယားသမ္မတ တော်မီစလပ်နီကိုလစ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆားဘီးယားနိုင်ငံပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများမှာလည်း အောင်မြင်စွာ ဆက်လက်တိုးတက်လျက်ရှိသည်ကို ကျွန်ုပ်အနေဖြင့်ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးအတွက် ပိုမိုတိုးတက်နက်ရှိုင်းလာမည်ဟုယုံကြည်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဆားဘီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ အလက်ဇန္ဒါးဗူချစ်ထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**ဂျပန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၂၀၁၄ခုနှစ် နိုဝင်ဘာလအတွင်း အာဆီယံနှင့်ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မြန်မာနိုင်ငံသို့ မိမိလာရောက်စဉ် နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကာလအတွင်း ကျရောက်ခဲ့သည့် မြန်မာ-ဂျပန်နှစ်နိုင်ငံသံတမန်ဆက်ဆံမှု နှစ်(၆၀)ပြည့်မြောက်သည့် အခါသမယတွင် မိမိပေးပို့ခဲ့သည့်သဝဏ်လွှာ၌ ဖော်ပြခဲ့သည့်အတိုင်း ဂျပန်နိုင်ငံအစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းမှုမြှင့်တင်ရေးစွမ်းပကားဖြင့် မြန်မာနိုင်ငံ၏ကဏ္ဍပေါင်းစုံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နှစ် (၇၀)ပြည့်မြောက်အဖြစ် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးမူဝါဒအပေါ်အခြေခံကာ "ငြိမ်းချမ်းရေးအတွက် တက်ကြွစွာပါဝင်အထောက်အကူပြုရေး"မူဝါဒနှင့်အညီ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုစေရန် ပိုမိုပါဝင် အထောက်အကူပြုသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်လည်း အနီးကပ်လက်တွဲကာဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဧကရာဇ် မစ္စတာအာကီဟီတိုထံမှလည်းကောင်း၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပူမီအိုခီရှိဒထံမှ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

**နယ်သာလန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နယ်သာလန်နိုင်ငံဘုရင်မင်းမြတ် ဝီလီယံအလက်ဇန္ဒြားအာရ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပို့သအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**စပိန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စပိန်နိုင်ငံဘုရင်မင်းမြတ် ဆဋ္ဌမမြောက်ဖိလစ်ပီထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စပိန်နိုင်ငံအစိုးရ၊ ပြည်သူများနှင့်အတူ ကျွန်ုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းသာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့်ဖော်ပြထားသည်။

**ခရိုအေးရှားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗိုဂျိုဆီပိုဗစ်ချ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိနှင့်ခရိုအေးရှားပြည်သူများမှ ဂုဏ်ယူဝမ်းမြောက်မှုနှင့်အတူ မြန်မာပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့်ဖော်ပြထားသည်။

**ဆက်လက်ဖော်ပြပါမည်**

# သဘာဝမြတ်မိခင် အနန္တကျေးဇူးရှင်

■ ဟိုရင်သြ

မိခင် 'သဘာဝ' (Mother Nature) အိုမင်းရင့်ရော်စပြုနေပြီဖြစ်သော ယနေ့ကာလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်ရင်း ကျွန်ုပ်တို့၏ မိခင်အိုကြီးကို အသက်ဆက်နိုင်ရန် သဘာဝ၏ရင်သွေးငယ်များက လှုံ့လဉဿဟစိုက်ထုတ်ကာ ကြိုးပမ်းလျက်ရှိကြလေ၏။

ကျွန်ုပ်တို့၏မိခင် 'သဘာဝ' သည် အထက်ကျော်ကာရီ (ရှေးကာလ) က အခိုင်လည်းလှ၊ အသီးလည်းလှသည့်ဘဝကို ပိုင်ဆိုင်ခဲ့သည်။ အခိုင်လိုက်သီးသော အသီးတို့တွင် အခိုင်လှလျှင် လိုက်လျောညီထွေဖြစ်အောင် အသီးပါလှဖို့လိုသည်။ အခိုင်လှလျက် အသီးမလှပါက သဟဇာတမရှိ၍ အမြင်မတင့်တယ်နိုင်ပေ။ သို့တစေ ယနေ့ကာလတွင် မိခင် 'သဘာဝ' မှာ ဇရာထောင်းစပြုနေလေပြီ။

ကျွန်ုပ်တို့လူသားများ၊ အပင်များ၊ တိရစ္ဆာန်များ၊ ရေမြေတောတောင်များ၊ ပင်လယ်သမုဒ္ဒရာများ၊ ကြယ်တာရာများဖြင့် စည်ပင်ခဲ့သော သဘာဝဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ သတ္တဝါများအနက် အသိဉာဏ်အရင့်သန်ဆုံး မနုဿလူသားတို့၏ သမိုင်းပေးတာဝန်ဟု ဆိုရချိမ့်မည်။ တစ်နည်းဆိုသော် လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ဘေးဘျမ်းမကျရေး ကြိုးပမ်းရန်မှာ လူတိုင်း၏တာဝန်အဖြစ် ခံယူအပ်၏။

အလွန်ဆန်းကြယ်လှသည့် သဘာဝကို လူသားတို့ ဖန်တီးမတည်ဆောက်နိုင်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်မပျက် ရေရှည်ခရီးဆက်နိုင်မည့် လောကဓာတ်နည်း ပညာများကိုသာ ကျွန်ုပ်တို့လူသားများ အားထားသင့်သည်ဟု တွေးဆမိပါသည်။

"အုန်းသီးအတွင်း၊ ရေရှိခြင်းကို၊ စဉ်းစားနေသူ၊ တစ်ယောက်လူ" ဟူသော ကဗျာအတိုအစတစ်ပုဒ်ကို ကျွန်ုပ်ငယ်စဉ်က နှစ်သက်စွာရွတ်ဆိုခဲ့ဖူး၏။ သဘာဝ၏ ထူးခြားဆန်းကြယ်ပုံကို ဖော်ကျူးသည့် အနုပညာဖန်တီးချက်တစ်ခုဖြစ်သည်။ ကွမ်းသီးသာသာ အရွယ်မှစ၍ ဖွံ့ဖြိုးရင့်သန်လာခဲ့သော အုန်းသီးသည် အုန်းခွံ၊ အုန်းဆံ၊ အုန်းမှုတ်၊ အုန်းသီးအသားနှင့် အုန်းရည်တို့ဖြင့် ဖွဲ့စည်းထားသည်မှာ မိခင်သဘာဝ ရင်သွေးတစ်ဦးအဖြစ် မွေးထုတ်ပေးခြင်းဖြစ်သည်ဟု စေ့ငုမိသည်။



နိုဝင်ဘာလက လေ့လာရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကိုရီးယားပါမောက္ခများနှင့် နှီးနှောဖလှယ်ကြစဉ်။ (ဓာတ်ပုံ-ကိုကြေး)

'သဘာဝ' ကို ဖွဲ့နွဲ့တင်စားသည့် ပုံခိုင်းချက်များကား သဘာဝကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် အသိတရားကို နှိုးဆော်နိုင်သည်။ သမ္မာကျမ်းစာ၌ 'အေဒင်ဥယျာဉ်' (Garden of Eden) သည် သဘာဝကို ဥယျာဉ်နှင့်တင်စားခြင်းဖြစ်ပြီး (Nature as garden) ဟု ဆိုကြသည်။ သဘာဝကို အရင်းအမြစ်အဖြစ် တင်စားလိုသူများကမူ 'Nature as resource' ဟု ဆိုကြပြန်သည်။ နေရှင်ဝါဒအရ ဥစ္စာနေများတိုးစေရန် သဘာဝအရင်းအမြစ်များကို သုံးစွဲအပ်၏ဆိုသော အယူအဆအပေါ် အခြေခံသည်။

သက်ရှိများအားလုံး၏ ဘဝဖြစ်တည်မှုကို ကာကွယ်စောင့်ရှောက်ပေးသည်မှာ သဘာဝသာလျှင်ဖြစ်သည်။ ယနေ့ကာလတွင် သဘာဝကိုထိန်းသိမ်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ကို ပိုမိုအာရုံစိုက်လာကြသည်။

ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် သဘာဝပတ်ဝန်းကျင်ပုံစံအမျိုးမျိုးဖြင့် ဇီဝမျိုးစုံလင်စွာ ဖွဲ့စည်းထားသည်ဟု မှတ်သားဖူးပါသည်။ သဘာဝအရတည်ရှိသော ကမ္ဘာကြီးကိုကြည့်လျှင် ပထဝီဝင်အရလည်းကောင်း၊ လတ္တီတွဒ်မျဉ်းပြိုင်အရလည်းကောင်း သဘာဝပတ်ဝန်းကျင်ပုံစံအမျိုးမျိုးကို တွေ့မြင်နိုင်သည်။

ဤနေရာ၌ ကျွန်ုပ်အနေဖြင့် သဘာဝဆိုင်ရာဒဿနအယူအဆများကို ဆွေးနွေးလိုရင်းမဟုတ်ပါ။ မိမိကျင်လည်ရာ သဘာဝပတ်ဝန်းကျင် အစဉ်တိုးတက်အောင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုခြင်းသာဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းလာသော ယနေ့ကာလတွင် သဘာဝပတ်ဝန်းကျင် ပြန်လည်နာလန်ထူလာအောင် လောကီနည်းပညာသစ်များ တီထွင်ဖော်ထုတ်လာကြသည်ကို တွေ့ရသည်။

သဘာဝပတ်ဝန်းကျင်ကို တိုးတက်စေလျက် ကမ္ဘာ့လူသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကြိုးပမ်းအားထုတ်နေသော ပညာရှင်များကို ကျွန်ုပ်လေးစားမိသည်။ အားကျမိသည်။

သဘာဝပတ်ဝန်းကျင်အထောက်အကူပြု နည်းပညာသစ်တစ်ရပ်ကို ဥဒါဟရုဏ်ဆောင်ရသော် CdTe technology ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်မပျက် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်နိုင်မည့် နည်းပညာဖြစ်ပြီး လျှပ်စစ်ဓာတ်အားရရှိရန်အတွက် အစားထိုးအရင်းအမြစ်အဖြစ် Photovoltaic (PV) cells ကို တီထွင်ဖော်ထုတ်နိုင်ခဲ့လေပြီ။

Cadmium telluride (CdTe) photovoltaics နည်းပညာသည် နေရောင်ခြည်ကို DC (Direct current) လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်အထောက်အကူပြု အခြားနည်းပညာသစ်တစ်ရပ်မှာ မျိုးဗီဇအင်ဂျင်နီယာ နည်းပညာဖြစ်သည်။ ဂေဟစနစ်အရ ပိုမိုတိုးတက်မှုရှိသော စားနပ်ရိက္ခာနှင့် ကောက်ပဲသီးနှံများ ထုတ်လုပ်နိုင်ရေးကို ဦးတည်သည့် နည်းပညာတစ်ရပ်ဖြစ်သည်။ ဂေဟစနစ်နှင့် သဟဇာတရှိသော AGRO-technology ကို အားပေးမြှင့်တင်လျက် ရှိကြပါသည်။

ယနေ့ကာလ၌ ခေတ်စားလာနေသော အာကာသနည်းပညာ (Space technology) မှာလည်း ကျွန်ုပ်တို့ ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ကယ်တင်ရန် ရည်မှန်းပါသည်။ ဥပမာဆိုရသော် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် ဂြိုဟ်တုများအသုံးပြု၍ ကမ္ဘာကြီးကို လေ့လာစောင့်ကြည့်နိုင်ပါသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ပိုမိုတွေ့မြင်လာရချိန်တွင် အာကာသနည်းပညာက လူသားတို့ကို အကျိုးပြုပေလိမ့်မည်။

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို တားဆီးပေးမည့် နည်းပညာသစ်တစ်ရပ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်ဂျင်နီယာပညာရပ် (Environmental engineering) ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် တိုးတက်စေရန် သိပ္ပံပညာနှင့် အင်ဂျင်နီယာပညာရပ်တို့ကို ပေါင်းစပ်ထားသည့် အတတ်ဖြစ်သည်။ လေထု၊ မြေထု၊ ရေထု သန့်ရှင်းရေးနှင့် ညစ်ညမ်းမှုရှိသောနေရာများကို သုတ်သင်ရှင်းလင်းနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်ဂျင်နီယာများက ကြိုးပမ်းစွမ်းဆောင်လျက်ရှိကြသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး ဘာသာရပ်နှင့်ပတ်သက်၍ နိုဝင်ဘာလအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ လေ့လာရေးရောက်ရှိခဲ့ရာတွင် ကိုရီးယားပတ်ဝန်းကျင်ကော်ပိုရေးရှင်း (Korea Environment Corporation) မှ ပညာရှင်များနှင့် ဆုံစည်းခွင့်ရရှိခဲ့ပါသည်။

Keco သည် နိုင်ငံပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ရေအရည်အသွေးတိုးတက်စေရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနှင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လျှော့ချရေး စသည်တို့နှင့်သက်ဆိုင်သည့် စီမံကိန်းများအတွက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများကို ပေါင်းကူးပေးလျက်ရှိလေသည်။

သဘာဝမိခင်သည် ကမ္ဘာသူကမ္ဘာသား ရင်သွေးများ၏ ဖန်တီးရှင်ဖြစ်၏။ လူနှင့်သဘာဝ သဟဇာတဖြစ်စေမည့် နည်းပညာသစ်များကို ဝံသာနုရက္ခိတတရားနှင့်အညီ တီထွင်ဖော်ထုတ်ကြခြင်းသည် မြင်းမိုရ်တောင်ဦးမကကျူးသည့် အနန္တကျေးဇူးရှင် သဘာဝမြတ်မိခင်အား တုပ်ကွရိုကျိုးစွာဖြင့် ကျေးဇူးဆပ်ရာရောက်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ။

# ရှန်းတင့်အမှန် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်

**မျိုးမြင့်သန်း(မန်းစက်မြေ)**

အာဆီယံ(ASEAN)၏ မူလအစ အဖွဲ့အစည်းတစ်ခုအဖြစ် Association of Southeast Asia (ASA)ကို ၁၉၆၁ ခုနှစ်တွင် ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှ စတင်တည်ထောင်ခဲ့ကြပါသည်။ ယင်းနောက် ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့သော အာဆီယံကြေညာစာတမ်းထုတ်ပြန်ကာ အာဆီယံအဖွဲ့ကြီး(ASEAN)ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါသည်။

အဖွဲ့ဝင်ဖြစ်ပြီး(၁၇)နှစ်အကြာ ပထမဦးဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်တွင် ထမ်းဆောင်ခဲ့ကာ ထိပ်သီးအစည်းအဝေးကြီးအပါအဝင် ဆက်စပ်အစည်းအဝေးပေါင်းများစွာကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်မှာ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး၏ တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သည်ကို မည်သူမျှငြင်းပယ်၍ မရနိုင်ပါ။

အာဆီယံ၏ အဓိကမဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်သည့်-

- ပထမမဏ္ဍိုင်,အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း(APSC)
- ဒုတိယမဏ္ဍိုင်,အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)
- တတိယမဏ္ဍိုင်, အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း(ASCC)

တို့ကို ပိုမိုတည်တံ့ခိုင်မြဲတိုးတက်အောင် အကောင်အထည်ဖော်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းအား မြန်မာနိုင်ငံသားတိုင်းမလွဲမသွေဝမ်းသာဂုဏ်ယူမိမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

အာဆီယံနိုင်ငံများ အက္ခရာစဉ်အလိုက် ကျင်းပလေ့ရှိသည့်အစည်းအဝေးများနှင့် ပြပွဲတစ်ရပ်အဖြစ် အာဆီယံ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေးများ၊ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ-၂၀၁၅ (ASEAN Tourism Forum 2015)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လက်ခံကျင်းပရမည်ဖြစ်ပါသည်။ ဒေသတွင်းအရေးပါသော အစည်းအဝေးများနှင့် အခမ်းနားဆုံးကျင်းပလေ့ရှိသော အာဆီယံခရီးသွားလုပ်ငန်းပြပွဲကြီးဖြစ်ပါသည်။

အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်ကျင်းပခြင်းသည် ဧည့်ဝန်ဆောင်မှု အကောင်းဆုံးနှင့် ယဉ်ကျေးမှုအမွေအနှစ်များထွန်းကားရာ အာဆီယံဒေသအား တပေါင်းတစည်းတည်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်သည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အလှည့်ကျကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် ရည်ရွယ်ချက်(၅)ရပ်ရှိပါသည်-

(၁) အာဆီယံဒေသအားဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ရန်

(၂) အာရှပစိဖိတ်ဒေသအတွင်း အမြင့်ဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း အများပြည်သူသိရှိရေး မြှင့်တင်ဆောင်ရွက်ရန်

(၃) အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားများပိုမိုရောက်ရှိရေး ဆွဲဆောင်ရန်

(၄) အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရန်

(၅) အာဆီယံခရီးသွားလုပ်ငန်းအောက်ရှိ ကဏ္ဍခွဲများအတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ပေါ်ပေါက်လာရခြင်းသမိုင်းကြောင်းကို ငဲ့စောင်းကြည့်လိုက်လျှင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၁၉၈၁ ခုနှစ်တွင် စတင်ခဲ့ပြီး အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုအတွက် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ခဲ့ပါသည်။ (၁၀)စုနှစ်သုံးခု ကျော်လွန်အောင် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများက အာဆီယံဒေသသည် ကမ္ဘာ့အကောင်းဆုံးခရီးစဉ်ဒေသတစ်ခုအဖြစ်သို့ အစဉ်တစိုက် တိုးမြှင့်နိုင်ရေးအတွက် နှစ်စဉ်အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သို့ လာရောက်ဆွေးနွေးခြင်း၊ သုံးသပ်ခြင်း၊ နည်းဗျူဟာများချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ပထမဆုံး အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၁၉၈၁ ခုနှစ်တွင် မလေးရှားနိုင်ငံက လက်ခံကျင်းပပေးခဲ့ပြီး ၎င်းဖိုရမ်သည် ဒေသတွင်းနိုင်ငံများအတွက် ယေဘုယျအခြေအနေကောင်းတစ်ရပ်ရရှိရန် အချင်းချင်းပူးပေါင်းဆောင်ရွက်လိုမှု၏ပြယုဂ်တစ်ခုဖြစ်ခဲ့ပါသည်။ ထိုအချိန်မှစတင်၍ အာဆီယံ၏ စီးပွားရေးအခြေအနေမှာ အရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုမျိုးစုံနှင့် အာဆီယံ၏အရည်အသွေးကို မေ့မရနိုင်သည့် အပန်းဖြေခရီးစဉ်ဒေသတစ်ခုအဖြစ် နိုင်ငံတကာမှအသိအမှတ်ပြုလာခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာအနှံ့ခရီးသွားလာကြသည့် ဧည့်သည်အရေအတွက် ၁၀၈၇ သန်းအနက် ၉၉ ဒသမ ၂ သန်းမှာ အာဆီယံနိုင်ငံများသို့ လာရောက်လည်ပတ်ခဲ့ကြပါသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်မှ ဒေသတွင်းခရီးသွားအရေအတွက်ကို ကမ္ဘာလှည့်ခရီးသွားဦးရေသာမက အာဆီယံနိုင်ငံများအတွင်း ခရီးသွားဦးရေကိုပါ မှတ်တမ်းပြုစုရန် ဦးဆောင်ခဲ့ပါသည်။ ထို့အပြင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်၏ အဓိက ဦးဆောင်ဦးရွက်ပြုမှုတစ်ရပ်မှာ အာဆီယံခရီးသွားနှစ် ၁၉၉၂ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၂ ခုနှစ်၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် "VISIT ASEAN YEAR 1992"ကို ထိုစဉ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့ကို စိတ်ဝင်စားဖွယ်ရသစုံလင်သည့် ခရီးစဉ်ဒေသအဖြစ် မြှင့်တင်ရန် ရည်ရွယ်ကျင်းပခဲ့ပါသည်။

အာဆီယံ(၁၀)နိုင်ငံ၏နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲမပျက်ဆောင်ရွက်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်းတစ်ရပ်စဉ်ဆက်မပြတ်တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် အာရှစီးပွားရေးပျက်ကပ်၊ ၂၀၀၄ ခုနှစ် ဆူနာမီမုန်တိုင်း၊ ၂၀၀၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဗုံးပေါက်ကွဲမှု၊ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်း စသည့် ဒေသတွင်းစိန်ခေါ်မှုများကို ရင်ဆိုင်ရာ၌ မိမိတို့၏ ကိုယ်ပိုင်မူဟန်မတူကွဲပြားသည့် ယဉ်ကျေးမှုအဖုံဖုံတို့ကို ခရီးသွားကဏ္ဍမှတစ်ဆင့်နိုင်ငံတကာနှင့်ဖလှယ်ခြင်းဖြင့် အကျိုးအမြတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းများဖြင့် အာဆီယံနိုင်ငံများအားလုံး မားမားမတ်မတ်ရပ်တည်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်လျှင်နိုင်ငံခြားသားဧည့်သည်များအတွက် လည်ပတ်လေ့လာဖွယ်ရာများပေါ်ကြွယ်ဝခြင်းနှင့် နိုင်ငံတော်အစိုးရ၏ ထင်ရှားသောပြုပြင်ပြောင်းလဲမှုများကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၁၂ ခုနှစ်မှစ၍ သိသိသာသာတိုးတက်မှုရှိလာခဲ့သည်မှာလည်း အားလုံးအသိပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၂ ဒသမ ၀၄ သန်းရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်း အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် သုံးသန်းရောက်ရှိရန် မျှော်မှန်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဘက်ပေါင်းစုံမှ တစိုက်မတ်မတ်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ခေတ်အဆက်ဆက်မပေါ်ပေါက်ဖူးသော အနာဂတ်မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလမ်းပြမြေပုံအဖြစ် ခံယူကျင့်သုံးသွားမည့် **"ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)"**အား နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းဖြင့် မြန်မာနိုင်ငံအား ပိုမိုကောင်းမွန်သောနေရာတစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး အလုပ်အကိုင်ပိုမိုဖန်တီးရေး၊ ကောင်းမွန်၍ ကြီးမားသော စီးပွားရေးအခွင့်အလမ်းကောင်းများ ပိုမိုရရှိရေး၊ သဘာဝသယံဇာတများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရေး၊ ကွဲပြားသော ယဉ်ကျေးမှုတို့ မျှဝေခံစားစေရေးတို့အတွက် တာဝန်သိသော ခရီးသွားလုပ်ငန်းအားဖြင့် ပံ့ပိုးပေးရမည်ဖြစ်သဖြင့် **"တာဝန်သိခရီးသွား လုပ်ငန်းမူဝါဒ"** ကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အလားတူ ဒေသခံများ၏ ချမ်းသာကြွယ်ဝမှုကို ဖန်တီးပေးနိုင်ရန်၊ နိုင်ငံတစ်နံတစ်လျားတွင်ရှိသည့် တိုင်းရင်းသားလူမျိုးစုအားလုံး၊ လူမှုအဖွဲ့အစည်းအားလုံးပါဝင်ကြရန် **"မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ"**ကိုလည်း ချမှတ်ပြီးဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(WTO)သို့ ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဝင်ရောက်ခဲ့ပြီးကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားများအား ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှစ၍ ခမ်းနားစွာကျင်းပနိုင်ခဲ့ပါသည်။ Eco Tourism ဆိုင်ရာမူဝါဒများချမှတ်နိုင်ရေး မဟာဗျူဟာများရေးဆွဲနိုင်ရေးအတွက်လည်း ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များနှင့် စီမံဆောင်ရွက်လျက်ရှိပြီး ယင်းအာဆီယံခရီးသွားလုပ်ငန်းဖိုရမ်အတွင်း စတင်ထုတ်ဖော်ဖြန့်ချိတော့မည်ဖြစ်ပါသည်။

အတိတ်ကာလက ခရီးသွားလုပ်ငန်းကိုအလေးထားဦးစားမပေးခဲ့ခြင်း၊ ယင်းလုပ်ငန်းဖွံ့ဖြိုးမှုမရှိခဲ့ခြင်းကြောင့် တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ခဲ့ပြီး ခြံခတ်သော့ပိတ်ကျောခိုင်းထားခဲ့ကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်လုပ်ငန်းများကို ပြန်လည်နိုးထအကောင်အထည်ဖော်လာကြစေရေး၊ မြေစမ်းခရမ်းပျိုးလာကြသော ပြည်တွင်းပြည်ပဟိုတယ်လုပ်ငန်းများကိုရဲရဲကြီး မျိုးစေ့ချစိုက်ပျိုးလာကြရေးအတွက် သာမန်ထက်ထူးကဲသောညှိနှိုင်းမှု၊ ပံ့ပိုးမှု၊ ဦးဆောင်မှုများပေးခဲ့ခြင်းကြောင့် အနာဂတ်ခရီးသွားလုပ်ငန်း၏ဖွံ့ဖြိုးမှုရောင်ခြည်ထွန်းလင်းမှုကို တွေဝေမှုကင်းစွာဖြင့်မြင်တွေ့လာကြသော လုပ်ငန်းရှင်များ တစ်နေ့တခြားတိုးတက်များပြားလာသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ စတင်ရောက်ရှိသည်မှ ပြန်လည်ထွက်ခွာသည်အထိ အဆင်ပြေချောမွေ့ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းစီမံဆောင်ရွက်ပေးသကဲ့သို့ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ် (၇) ရပ်တွင် အမှတ်စဉ်(၅)အနေဖြင့် သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းသည် ကုမ္ပဏီကြီးများမှအစ လမ်းဘေးဈေးသည်အဆုံး ဆင့်ပွားအကျိုးသက်ရောက်မှုရှိပြီး ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှရရှိကာ ၇၄ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကကဏ္ဍပြည်သူလူထုမှ ရရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် တစ်နိုင်ငံလုံး စုစုပေါင်း လုပ်သားအင်အား၏ ၁ ဒသမ ၂ ရာခိုင်နှုန်း လုပ်သားဦးရေ ၃၃၈၅၀၀ မှာ ခရီးသွားလုပ်ငန်းကဏ္ဍ၏ တိုက်ရိုက်လုပ်သားအင်အားများဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း၊ တစ်နိုင်ငံလုံးစုစုပေါင်း လုပ်သားအင်အား၏ ၃ ရာခိုင်နှုန်းရှိသော လုပ်သားဦးရေ ၈၂၃၅၀၀ မှာ ခရီးသွားလုပ်ငန်းကဏ္ဍ၏ သွယ်ဝိုက်ပတ်သက်သည့် လုပ်သားအင်အားများဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာနိုင်ကြောင်း၊ World Travel& Tourism Council (WTTC)၏ ထုတ်ပြန်ချက်များတွင် လေ့လာတွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေနိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်သဖြင့် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍကြီး (၇)ရပ်တွင် ထည့်သွင်းပေးအပ်သည့်တာဝန်ကို ဦးလည်မသုန်ကျေပွန်အောင် ကြိုးပမ်းထမ်းရွက်ရသည်မှာ လွန်စွာ လှုံ့လဝီရိယစိုက်ထုတ်လုပ်ကိုင်ရပါသည်။




ယခုလည်းဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အဓိကတာဝန်ယူ၍ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC) အမှတ်(၁)နှင့်အမှတ်(၂)တို့တွင် လက်ခံကျင်းပမည်ဖြစ်ကာ ၎င်းဖိုရမ်သည်(၃၄)ကြိမ်မြောက် ကျင်းပမည့်ဖိုရမ်ဖြစ်ပါသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပုဂ္ဂလိကအသင်းအဖွဲ့အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းပြပွဲတို့ပါဝင်ပါသည်။ အဆိုပါဖိုရမ်နှင့်အစည်းအဝေးများသို့ အာဆီယံ(၁၀)နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ အာဆီယံနှင့်ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ရုရှားနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ အဓိက ဈေးကွက်များမှ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် သတင်းမီဒီယာများ စုစုပေါင်းဦးရေ ၁၅၀၀ကျော် တက်ရောက်ကြမည်ဖြစ်ပါသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ၏ ဆောင်ပုဒ်မှာ "ASEAN : Tourism Towards Peace, Prosperity and Partnership" "အာဆီယံ-ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ" ဟူ၍ ဖြစ်ပါသည်။


အဆိုပါ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ယူကျင်းပရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ စည်းရုံးလှုံ့ဆော်ဆောင်ရွက်ပေးပြီး အုပ်ချုပ်မှုကိစ္စရပ်များတွင် MP Singapore Pte Ltd. နှင့် Myanmar Ventures Group တို့မှ ကူညီဆောင်ရွက်ပေးကြပါသည်။ အာဆီယံ(၁၀)နိုင်ငံမှ ခရီးသွားပြခန်းပေါင်း ၄၇၈ ခန်း ပြသကြမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များမှ အများဆုံးပါဝင်ပြသခွင့် ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် အခြားနိုင်ငံများသို့ သွားရောက်ပြသရသည်ထက် ကုန်ကျစရိတ်ပိုမိုသက်သာခွင့်ရှိခြင်း၊ မိမိတို့ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် ခရီးစဉ်ဒေသများနှင့်ပတ်သက်၍ ခင်းကျင်းပြသကာ ပြည်ပကုမ္ပဏီများသို့ ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါသည်။

ယင်းဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ကြီးကြပ်မှုတို့ဖြင့် အချိန်လုံလောက်စွာကြိုတင်ရယူပြင်ဆင်ခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်းအစည်းအဝေးများနှင့် ၂၀၁၅ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုအား ဆက်စပ်ဝန်ကြီးဌာနများ၊ ဆက်စပ်ပုဂ္ဂလိကအသင်းအဖွဲ့ များပါဝင်၍ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၀ သို့ ❃

ပြည်တွင်းရေးရာ

# တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောထား (၆) ချက်ကို အလေးထားလုပ်ဆောင်ရန် တိုက်တွန်းထား



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Thierry MATHOU အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့်အတူ စစ်သံမှူး Lt. Col. Thierry Poignant တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြင်သစ်နိုင်ငံသံအမတ်ကြီးက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် မိမိတို့နိုင်ငံ ကိုလိုနီဖြစ်ခဲ့စဉ်က စတင်အခြေခံခဲ့သော တိုင်းရင်းသားရေး၊ အယူဝါဒရေး၊ ဘာသာရေးနှင့် လူပုဂ္ဂိုလ်ရေး အယူအဆကွဲပြားမှုများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်၍ လွန်စွာရှုပ်ထွေးပါကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောထား (၆) ချက်ကို အလေးထားလုပ်ဆောင်ရန် တိုက်တွန်းထားပါကြောင်း၊ နိုင်ငံတစ်ခုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခိုင်မာရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် လုံးဝလက်မခံဟု မပြောပါကြောင်း၊ အများဆန္ဒအရ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)တွင် ဖော်ပြထားသည့် ပြင်ဆင်ရန် အကြောင်းအချက်များနှင့်အညီ ပြင်ဆင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအကျပ်အတည်းများ ဖြေရှင်းရာတွင် ဥပဒေနှင့်အညီ အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြင်သစ်နိုင်ငံသံအမတ်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ တိုးတက်သော ပြုပြင်ပြောင်းလဲမှုများတွင် တပ်မတော်က ပါဝင်ကြိုးပမ်းနေမှုအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏သမိုင်းကြောင်းတစ်လျှောက် တပ်မတော်နှင့် ခွဲခြား၍မရသည်ကို နားလည်ပါကြောင်း၊ နိုင်ငံ၏အခြေအနေများ မတူညီကြသော်လည်း နားလည်မှု၊ ယုံကြည်မှုတည်ဆောက်၍ ဆက်ဆံရေးတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအောင်မြင်စွာ ကျင်းပခြင်းတွင် အစိုးရအပေါ် တပ်မတော်၏အလေးထားမှု၊ လေးစားမှုတို့ကို ရိုးရှင်းစွာတွေ့မြင်ရပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်သားများသည် ကျင့်ဝတ်များ၊ စည်းကမ်း ဥပဒေများကို တိကျစွာလိုက်နာရသကဲ့သို့ ပြည်သူ့စစ်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည်လည်း လိုက်နာစောင့်ထိန်းကြရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၅**

ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် စွမ်းရည်၊ စွမ်းပကားတို့အား နိုင်ငံသူ၊ နိုင်ငံသားများ သိရှိစေရန်၊ ကမ္ဘာကသိရှိစေရန် ထုတ်ဖော်ပြသလေ့ရှိပါကြောင်း၊ မိမိနိုင်ငံတွင်လည်း ယခင်က ဗိုလ်ရှုခံအခမ်းအနားများကို ကျင်းပခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ စတင်၍ နှစ်ပေါင်း ၅၀ ကျော် အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်နိုင်ခြင်းမရှိခဲ့သည့် ဗိုလ်ရှုသဘင်အခမ်းအနားကြီးအား ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်၏ဦးသျှောင် သမ္မတကြီးအား တပ်မတော်နှင့် ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဂါရဝပြုသည့်အခမ်းအနားသို့ တပ်မတော်နှင့်အတူ ကိုယ်ပွားအဖွဲ့အစည်းများဖြစ်သည့် Border Guard Force များ၊ ပြည်သူ့စစ်ကိုယ်စားလှယ်များ အတူတက်ရောက်ကြခြင်းအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် နယ်ခြားစောင့်တပ်များမှ



ဂုဏ်ထူးဆောင်အရာရှိကြီးများနှင့် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များအားတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်းရှိ နယ်ခြားစောင့်တပ်များမှ ဂုဏ်ထူးဆောင်အရာရှိကြီးများဖြစ်သော ဗိုလ်မှူးကြီး ဝေဆန်း၊ ဗိုလ်မှူးကြီး ထွန်းကျော်၊ ဗိုလ်မှူးကြီး စောထွန်းလှိုင်၊ ဒုတိယဗိုလ်မှူးကြီး စောဒေါဒေါနှင့် ပြည်သူ့စစ်အဖွဲ့များမှ ခေါင်းဆောင် ၂၆ ဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နှင့်အတူ စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းရှိသည့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် သစ္စာရှိစွာ အတူလက်တွဲထမ်းဆောင်ခဲ့သည့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးဆပ်မှု၊ တာဝန်ထမ်းဆောင်မှုများကိုလည်း များစွာတန်ဖိုးထားဂုဏ်ယူပါကြောင်း၊ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်သားများသည် ကျင့်ဝတ်များ၊ စည်းကမ်းဥပဒေများကို တိကျစွာလိုက်နာရသကဲ့သို့ ပြည်သူ့စစ်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည်လည်း လိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ သတိနှင့်ယှဉ်ပြီး နေထိုင်လုပ်ကိုင်ကြရန်လိုအပ်ပါကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ တိုက်ရိုက်အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက်လည်း သွယ်ဝိုက်သောအားဖြင့် အထောက်အကူပြုပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်မှောင်ခိုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရန် ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် Border Guard Force များမှ ဂုဏ်ထူးဆောင်အရာရှိကြီးများနှင့် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များက မိမိအဖွဲ့အစည်း၏ နယ်မြေဒေသအခြေအနေများ၊ နိုင်ငံတော်၏လမ်းညွှန်မှု၊ တပ်မတော်၏ဦးဆောင်မှုတို့ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူလက်တွဲဆောင်ရွက်မှုအခြေအနေများအား ရှင်းနှီးပွင့်လင်းစွာ တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မြက်ခင်းပြင်၌ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများက တစ်ဦးချင်း၊ ခရိုင်အလိုက် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး ဆုရရှိသည့် အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်


# ကချင်ပြည်နယ်အတွင်း တရားမဝင်သစ်တင်ယာဉ်များ၊ သစ်များနှင့် လူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ ဆီနီကူး၊ မံတောင်၊ လောခွန်ယန်၊ ဆဒုံးဒေသအတွင်း နိုင်ငံတော်၏ သယံဇာတများဖြစ်သည့် အဖိုးတန်သစ်များအား တရားမဝင်ခုတ်ယူပြီး တစ်ဖက်နိုင်ငံသို့ ကိုယ်ကျိုးစီးပွားအတွက် သယ်ဆောင်ရောင်းချရန် သစ်တင်ယာဉ်များ စုစည်းပြင်ဆင်ထားရှိမှုအား လေကြောင်းကင်းထောက်မှုအရ သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် တရားမဝင်သစ်ထုတ်ရာတွင် အသုံးပြုသော ဒိုဇာတစ်စီး၊ ပါဂျဲရိုးလေးစီး၊ ပီကင်းဂျစ် လေးစီး၊ ဝန်ဆွဲယာဉ် သုံးစီး၊ နှစ်ခန်းတွဲယာဉ် နှစ်စီး၊ အမျိုးအစား(စိစစ်ဆဲ)သစ်တင်ယာဉ် ၄၃၆ စီး၊ (၁၄စီးသစ်ပါရှိ) တုန်ဖုန်း/ဒေါင်ဖန်းယာဉ် သုံးစီး၊ ကရိန်း နှစ်စီး စုစုပေါင်း ယာဉ် ၄၅၅ စီး၊ ဆိုင်ကယ် ကိုးစီး၊ မြန်မာနိုင်ငံသား ကျား လေးဦး၊ မ ၁၆ ဦးနှင့် တစ်ဖက်နိုင်ငံသား ကျား ၉၇ ဦး၊ မ ငါးဦး စုစုပေါင်း ၁၂၂ ဦး၊ ချိန်းဆော နှစ်ခု၊ အိပ်ရာလိပ် ၁၀ခု၊ ဆိုလာပြားတစ်ပြား၊ ဘက်ထရီတစ်လုံး၊ ဖုန်းကြိုးတိုင်တစ်ခု၊ စိတ်ကြွဆေးပြား ၆၈၀၊ ဘိန်းမဲ ခြောက်ထုပ်၊ ဘိန်းစိမ်း ၂၀ ကျပ်သား၊ တရုတ်ယွမ်ငွေ ၁၂၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသော တစ်ဖက်နိုင်ငံသားများထံမှ ကေအိုင်အေ(ကချင်)အဖွဲ့၊ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးချုပ်အဆင့်ရှိ ဇောဘုတ်ထန်း လက်မှတ်ရေးထိုးခွင့်ပြုထားသော သစ်ထုတ်လုပ်ခွင့်ပြုထားသည့်စာအား သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ ဖမ်းဆီးရမိသည့်လူများ၊ သစ်တင်ယာဉ်များနှင့် တရားမဝင်သစ်ထုတ်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဒေသအတွင်းရှိ နိုင်ငံတော်၏ အဖိုးတန်သယံဇာတများဆုံးရှုံးမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများမှ ဆက်လက်နယ်မြေရှင်းလင်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောက်ရွက်ပြီး/ဆောင်ရွက်ဆဲ/ ဆောင်ရွက်ရန် လျာထားသည့် တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများ

၂၀၁၃-၂၀၁၄ ဆောင်ရွက်ပြီးစီမံကိန်းများ

| စဉ် | မြို့နယ် | စီမံကိန်းအမည် | ဆ/ဦးအမျိုးအစား | ဆ/ဦးလုံးရေ | အိမ်ခန်းယူနစ်ပေါင်း |
|---|---|---|---|---|---|
| ၁ | သယ်န်းကျွန်း | ကြီးပွားရေးအိမ်ရာ | ၄ခန်းတွဲ ၄ထပ် | ၁၃ လုံး | ၂၀၈ ခန်း |
| ၂ | မ/ဥက္ကလာပ | ဝေပုလ္လအိမ်ရာစီမံကိန်း | ၂ခန်းတွဲ ၄ ထပ် | ၉ လုံး | ၈၀ ခန်း |
| ၃ | ရန်ကင်း | ရန်ကင်းအိမ်ရာစီမံကိန်း | ၄ခန်းတွဲ ၆ထပ် | ၁၂ လုံး | ၂၈၈ ခန်း |
| ၄ | လှိုင်သာယာ | ရွှေလင်ပန်းအပိုင်း(၁) | ၆ခန်းတွဲ ၄ထပ် | ၃၂ လုံး | ၇၆၈ ခန်း |
| ၅ | ရွှေပြည်သာ | စက်မှုဇုန်(၃)အိမ်ရာ | ၆ခန်းတွဲ ၃ထပ် | ၉ လုံး | ၁၄၄ ခန်း |
| ၆ | လှိုင်သာယာ | ရွှေလင်ပန်းစက်မှုဇုန်အိမ်ရာ | ၂ခန်းတွဲ ၄ထပ် | ၂၃ လုံး | ၁၈၄ ခန်း |
| ပေါင်း | | | | ၉၈ လုံး | ၁၆၇၂ ခန်း |

ကြီးပွားရေးအိမ်ရာစီမံကိန်း



ဝေပုလ္လအိမ်ရာစီမံကိန်း



ရန်ကင်းဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်း



ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ



ရွှေလင်ပန်းစက်မှုမြို့ Commercial Area တွင် Shop House



ရွှေပြည်သာမြို့နယ် စက်မှုမြို့အပိုင်း(၃) Commercial Area တွင် Shop House



၂၀၁၄-၂၀၁၅ ဆောင်ရွက်ဆဲစီမံကိန်းများ

| | | | | | |
|---|---|---|---|---|---|
| ၁ | ဒဂုံမြောက် | အနော်ရထာအိမ်ရာ | ၄ ခန်းတွဲ ၅ ထပ် | ၆ လုံး | ၁၂၄ ခန်း |
| ၂ | မ/ဥက္ကလာပ | ရွှေပေါက်ကံ(၁၄)အိမ်ရာ | ၈ ခန်းတွဲ ၄ ထပ် | ၂၆ လုံး | ၆၂၀ ခန်း |
| ၃ | မ/ဥက္ကလာပ | ဘောဂဗလအိမ်ရာ | ၄ ခန်းတွဲ ၄ ထပ် | ၅ လုံး | ၈၀ ခန်း |
| ၄ | မ/ဥက္ကလာပ | ဝေဘာဂီအိမ်ရာစီမံကိန်း | ၂ ခန်းတွဲ ၃ ထပ် | ၆ လုံး | ၃၆ ခန်း |
| ၅ | လှိုင်သာယာ | ရွှေလင်ပန်းအပိုင်း(၂) | ၈ ခန်းတွဲ ၄ ထပ်<br>၄ ခန်းတွဲ ၄ ထပ် | ၁၄ လုံး<br>၃ လုံး | ၄၄၈ ခန်း<br>၄၈ ခန်း |
| ၆ | လှိုင်သာယာ | ရွှေလင်ပန်းအပိုင်း(၃) | ၆ ခန်းတွဲ ၄ ထပ် | ၂၁ လုံး | ၅၀၄ ခန်း |
| ၇ | လှိုင်သာယာ | ထီးလှိုင်ရှင်အိမ်ရာ | ၂ ခန်းတွဲ ၄ ထပ် | ၄၂ လုံး | ၅၇၆ ခန်း |
| ၈ | လှိုင်သာယာ | ရွှေလင်ပန်းစက်မှုဇုန်အိမ်ရာ | ၄ ခန်းတွဲ ၄ ထပ် | ၇ လုံး | ၁၁၂ ခန်း |
| ၉ | ရွှေပြည်သာ | စက်မှုဇုန်(၃)အိမ်ရာ | ၄ ခန်းတွဲ ၅ ထပ် | ၁၈ လုံး | ၃၂၀ ခန်း |
| ၁၀ | မန္တလေး | မြရည်နန္ဒာအိမ်ရာအပိုင်း(၁) | ၄ ခန်းတွဲ ၄ ထပ် | ၂၇ လုံး | ၄၃၂ ခန်း |
| ၁၁ | မုံရွာ(စစ်ကိုင်း) | နန္ဒဝန်တန်ဖိုးမျှတအိမ်ရာ | ၈ ခန်းတွဲ ၄ ထပ် | ၂၂ လုံး | ၇၀၄ ခန်း |
| ၁၂ | မုံရွာ(စစ်ကိုင်း) | စံပယ်အိမ်ရာစီမံကိန်း | ၁၂ ခန်းတွဲ ၅ ထပ် | ၁၄ လုံး | ၈၄၀ ခန်း |
| ၁၃ | သာကေတ | Water Front Villa(2) | ၂ ခန်းတွဲ ၃ ထပ် | ၃ လုံး | ၂၆ ခန်း |
| ၁၄ | ဒဂုံဆိပ်ကမ်း | ယုဇနအပိုင်း(၁)အိမ်ရာ | ၆ ခန်းတွဲ ၄ ထပ် | ၃၀ လုံး | ၈၆၄ ခန်း |
| ၁၅ | ဒဂုံဆိပ်ကမ်း | ယုဇနအပိုင်း(၂)အိမ်ရာ | ၈ ခန်းတွဲ ၄ ထပ် | ၃၇ လုံး | ၁၀၀၈ ခန်း |
| ၁၆ | ဒဂုံဆိပ်ကမ်း | ကနောင်အိမ်ရာ | ၈ ခန်းတွဲ ၄ထပ် | ၃၂ လုံး | ၈၅၂ ခန်း |
| ၁၇ | ဒဂုံတောင် | ပုလဲမွန်တန်ဖိုးသင့်အိမ်ရာ | ၂ ခန်းတွဲ ၄ ထပ် | ၁၉ လုံး | ၂၇၂ ခန်း |
| ၁၈ | ဒဂုံဆိပ်ကမ်း | ရတနာ-ဧရာဝဏ်အိမ်ရာ | ၂၄ ခန်းတွဲ ၁၈ ထပ် | ၂၅ လုံး | ၁၀၈၀၀ ခန်း |
| ၁၉ | မကွေး | ချမ်းမြေ့သာယာအိမ်ရာ | ၄ ခန်းတွဲ ၄ ထပ်<br>၈ ခန်းတွဲ ၄ ထပ်<br>၄ ခန်းတွဲ ၃ ထပ် | ၈ လုံး<br>၄ လုံး<br>၄ လုံး | ၁၂၈ ခန်း<br>၁၂၈ ခန်း<br>၄၈ ခန်း |
| ပေါင်း | | | | ၃၇၃ လုံး | ၁၈၉၇၀ ခန်း |

ရွှေပေါက်ကံ(၁၄)ရပ်ကွက်တန်ဖိုးနည်းအိမ်ရာစီမံကိန်း



ဘောဂဗလအိမ်ရာစီမံကိန်း



စာမျက်နှာ ၉ ကော်လံ ၁ သို့

# ပြည်တွင်းရေးရာ





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံစဉ်။** (မြဝတီ)

**☆ ကျောဖုံးမှ**

ကရင်တပ်မတော် (DKBA)မှ စောမိုရှေး၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုကော်မတီဝင် နိုင်ဟံသာဘုံခိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA)နာယက ဦးဆေးထင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)ဗဟိုကော်မတီဝင် ဦးစိုင်းလှ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN(K) ဗဟိုကော်မတီဝင် ဦးအင်ကမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက ရှိခဲ့၍ ခေတ်အဆက်ဆက်ခိုင်မြဲအောင်ကြိုးစားခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုလိုနီနိုင်ငံဖြစ်ခဲ့သော်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် အားလုံးတူညီသည့်စိတ်ဓာတ်ဖြင့် မပြိုကွဲအောင် လုပ်ဆောင်မည့် စိတ်ဓာတ်မွေးရန်လိုကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်၍ တူညီသောခံစားခွင့်များလည်းရှိပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ထိခိုက်စေမည့်ကိစ္စရပ်များ ရှောင်ရှား၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြရန်လိုကြောင်း၊ အမည်ခံလွတ်လပ်ရေးရသော နိုင်ငံမဟုတ်ဘဲ ခိုင်မာသောအချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သဖြင့် ဒို့တာဝန်အရေးသုံးပါးအား မည်သည့်နည်းနှင့်မျှ ထိခိုက်ခံ၍မရသည်ကို သိရှိနားလည်၍ အားလုံးပါဝင်စေချင်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးရယူလိုစိတ်အပြည့်ဖြင့် ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် ဆွေးနွေးသည့်အဆင့်မဟုတ်သော်လည်း အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လမ်းခင်းနိုင်သည့်နေ့တစ်နေ့ဖြစ်၍ ယခု တွေ့ဆုံမှုမှတူညီသောအကြောင်းအချက်များကို အခြေခံပြီး နိုင်ငံတော်ကောင်းအောင် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုတည်ဆောက်လိုကြသည့် တူညီသောစိတ်များရှိကြသည်ဖြစ်၍ နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုဖြင့် တိုင်းပြည်ကောင်းအောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်အောင်လှုံ့ဆော်မှုများ လုပ်ဆောင်ခြင်းမပြုဘဲ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးသည့် ကာလမှစ၍ စစ်ဆင်ရေးဆောင်ရွက်ခြင်း၊ အသိအမှတ်ပြုထားသည့်စခန်းတစ်ခုကိုမျှ တိုက်ခိုက်ခြင်းမရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**❖ ဖြူးချောင်းမှ**

၁၉ မိုင်ရှည်တူးမြောင်းမကြီး နှစ်ခု၊ မိုင် ၂၀ ရှည်မြောင်းခွဲ တစ်ခု၊ လက်တံမြောင်း ၂၄ ခု၊ လက်တံမြောင်းခွဲ ၂၀၆ ခုဖြင့် တည်ဆောက်မှာဖြစ်ပြီး စီမံကိန်းအားလုံး ဖွင့်လှစ်ပြီးပါက ဒေသတွင်းစိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေးတိုးတက်ရုံသာမကဘဲ နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့် ဘက်စုံစီမံကိန်းကြီးဖြစ်ကြောင်း သိရသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

၁။ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ပြည့်စုံမှန်ကန်သည့်မဲစာရင်းလိုအပ်သည်။

၃။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြုစုလျက်ရှိသည်။

၄။ နိုင်ငံသားတိုင်း မဲပေးရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ ထိုအခွင့်အရေးမဆုံးရှုံးစေရန် မဲစာရင်းတွင် ပါဖို့လိုသည်။ မဲပေးနိုင်ရေးအတွက် မဲစာရင်းများ ကြေညာသည့်အခါ သွားကြည့်ပါ။

၅။ မဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းခံပါ။ အချက်အလက်များ မှားနေလျှင် ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုပါ။ မဲပေးပိုင်ခွင့် မရှိသူများပါနေလျှင် ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။

၆။ မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)ကို မပြောင်းဘဲထားလျှင် သင်၏အမည်သည် ယခင်နေထိုင်ခဲ့သည့် မြို့နယ်မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်သည်။

## နိုင်ငံတာဝန် ကျေပွန်ဖို့ရေး ကျသင့်အခွန် မှန်မှန်ပေး

■ စာမျက်နှာ ၈ မှ

**ဝေဘာဂီအိမ်ရာစီမံကိန်း (ဒုအဆင့်)**



**ကနောင်တန်ဖိုးနည်းအိမ်ရာစီမံကိန်း**



**၂၀၁၄-၂၀၁၅ ဆောင်ရွက်ရန် လျာထားစီမံကိန်းများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | ဒဂုံတောင် | အောင်မြင့်မိုရ်အိမ်ရာ | ၆ခန်းတွဲ ၄ထပ် | ၄၄ လုံး | ၁၂၂၄ ခန်း |
| ၂ | ဒဂုံဆိပ်ကမ်း | ယုဇနအပိုင်း(၃)အိမ်ရာ | ၆ခန်းတွဲ ၄ထပ် | ၄၀ လုံး | ၁၀၀၈ ခန်း |
| ၃ | ဒဂုံဆိပ်ကမ်း | ရိုးမတန်ဖိုးနည်း | ၁၆ခန်းတွဲ ၃ထပ် | ၂၆ လုံး | ၁၆၃၂ ခန်း |
| ၄ | မန္တလေး | မြရည်နန္ဒာအိမ်ရာအပိုင်း(၂) | ၈ခန်းတွဲ ၅ထပ် | ၁၆ လုံး | ၆၄၀ ခန်း |
| | ပေါင်း | | | ၁၂၆ လုံး | ၄၅၀၄ ခန်း |

**၂၀၁၅-၂၀၁၆ ဆောင်ရွက်ရန် လျာထားစီမံကိန်းများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | ဒဂုံဆိပ်ကမ်း | ရွှေလီလမ်းနှင့်ပုဏ္ဏမီလမ်း | ၁၆ခန်းတွဲ ၁၈ထပ် | ၂၈ လုံး | ၈၀၆၄ ခန်း |
| ၂ | ဒဂုံဆိပ်ကမ်း | ကမ်းနားလမ်းနှင့်ရွှေလီလမ်း | ၁၆ခန်းတွဲ ၁၈ထပ် | ၇ လုံး | ၂၀၁၆ ခန်း |
| ၃ | ဒဂုံတောင် | Town Centre အပိုင်း(၃) | ၁၆ခန်းတွဲ ၆ထပ် | ၄ လုံး | ၃၈၄ ခန်း |
| ၄ | သင်္ဃန်းကျွန်း | သုဝဏ္ဏ(၂၅)ရပ်ကွက် | ၄ခန်းတွဲ ၆ထပ် | ၁၀ လုံး | ၂၄၀ ခန်း |
| ၅ | မင်္ဂလာဒုံ | ပုလဲဥယျာဉ်အိမ်ရာ | ၄ခန်းတွဲ ၆ထပ် | ၄၄ လုံး | ၁၀၅၆ ခန်း |
| ၆ | မင်္ဂလာဒုံ | ပျဉ်းမပင်အိမ်ရာ | ၆ခန်းတွဲ ၈ထပ် | ၃၂ လုံး | ၁၅၃၆ ခန်း |
| ၇ | သန်လျင် | အောင်ချမ်းသာအပိုင်း(၂) | ၆ခန်းတွဲ ၆ထပ် | ၄၀ လုံး | ၁၄၄၀ ခန်း |
| ၈ | ပုသိမ် | ဥမ္မာဒန္တီအိမ်ရာ | ၁၆ခန်းတွဲ ၃ထပ် | ၇ လုံး | ၃၃၆ ခန်း |
| | | | ၆ခန်းတွဲ ၄ထပ် | ၈လုံး | ၁၉၂ ခန်း |
| ၉ | လှိုင်သာယာ | ကျန်စစ်မင်းအိမ်ရာ | ၄ခန်းတွဲ ၅ထပ် | ၄၈ လုံး | ၉၆၀ ခန်း |
| | | | ၂ခန်းတွဲ ၅ထပ် | ၄ လုံး | ၄၀ ခန်း |
| | | | ၈ခန်းတွဲ ၆ထပ် | ၄၀ လုံး | ၁၉၂၀ ခန်း |
| ၁၀ | မော်လမြိုင် | မောင်ငံအိမ်ရာ | ၄ခန်းတွဲ ၄ထပ် | ၁၂ လုံး | ၁၇၆ ခန်း |
| | ပေါင်း | | | ၂၈၄ လုံး | ၁၈၃၆၀ ခန်း |

**ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်လျာထားသည့်**
**တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာစီမံကိန်းစာရင်းပေါင်းချုပ်**

| စဉ် | ခုနှစ် | ဆောင်ရွက်ပြီး | | ဆောင်ရွက်ဆဲ | | ဆောင်ရွက်ရန် | | ပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | လုံးရေ | အိမ်ခန်း | လုံးရေ | အိမ်ခန်း | လုံးရေ | အိမ်ခန်း | လုံးရေ | အိမ်ခန်း |
| ၁ | ၂၀၁၃-၂၀၁၄ | ၉၈ | ၁၆၇၂ | - | - | - | - | ၉၈ | ၁၆၇၂ |
| ၂ | ၂၀၁၄-၂၀၁၅ | - | - | ၃၇၃ | ၁၈၉၇၀ | ၁၂၆ | ၄၅၀၄ | ၄၉၉ | ၂၃၄၇၄ |
| ၃ | ၂၀၁၅-၂၀၁၆ | - | - | - | - | ၂၈၄ | ၁၈၃၆၀ | ၂၈၄ | ၁၈၃၆၀ |
| | **စုစုပေါင်း** | **၉၈** | **၁၆၇၂** | **၃၇၃** | **၁၈၉၇၀** | **၄၁၀** | **၂၂၈၆၄** | **၈၈၁** | **၄၃၅၀၆** |

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်

## စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်**
**စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ**
**သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)**

၁။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးထားလျက် နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံလူထု၏ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများ ချမှတ်၍ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသည် လုပ်ငန်းကဏ္ဍများအလိုက် လိုအပ်ချက်များအပေါ် စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့ လေးဖွဲ့ဖြစ်သည့် သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း အဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဦးစွာ လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခဲ့သဖြင့် အကျိုးအမြတ်အပေါ်တွင် နိုင်ငံတော်မှ ၅၁ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်မှ ၁၉ရာခိုင်နှုန်းနှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်း ရရှိကြမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလတွင် နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ထုတ်လုပ်မှုကာလအတွင်း နှစ်စဉ်အသားတင်အမြတ်၏နှစ်ရာခိုင်နှုန်း အချိုးကျ ထည့်ဝင်သုံးစွဲမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ နှစ်သန်းထည့်ဝင်သုံးစွဲသွားမည်ဖြစ်ပါသည်။

၄။ စီမံကိန်းအတွက်သိမ်းဆည်းခဲ့သော မြေများနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်တွင် မြေလမ်းဥပဒေနှင့်အညီ မြေခွန်၏ ၂၀ ဆနှုန်းဖြင့် ပထမအကြိမ် မြေယာလျော်ကြေးပေးလျော်ခဲ့ရာ ဒေသခံများအားလုံးထုတ်ယူခဲ့ပြီးဖြစ်သဖြင့် စီမံကိန်းမြေသိမ်းဆည်းအမိန့်အား လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပြန်ပြီးနောက် စီမံကိန်းနယ်မြေလုံခြုံရေးအတွက် ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၅။ အကောင်အထည်ဖော်ရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း မြေယာနစ်နာသွားသော ဒေသခံများအား ကာလဒေသပေါက်စျေးဖြင့် ဒုတိယအကြိမ် လျော်ကြေးပေးချေခဲ့ပြီးနောက် ကော်မတီအနေဖြင့် မြေသိမ်းခံတောင်သူများနစ်နာမှုမရှိစေရေးအတွက် တတိယအကြိမ်အဖြစ် မြေယာထောက်ပံ့ကြေးများကို မြေယာအမျိုးအစားအလိုက် တစ်ဧကလျှင် သုံးသိန်းမှ ၁၂ သိန်းအထိ ထပ်မံပေးအပ်ခဲ့သဖြင့် မြေယာ လျော်ကြေးနှင့် ထောက်ပံ့ကြေးငွေကျပ်သိန်းပေါင်း ၁၀၇၉၆ ဒသမ ၉၂ သိန်းထုတ်ပေးခဲ့ပါသည်။ မြေယာလျော်ကြေးထုတ်ယူသူ တောင်သူတစ်ဦးချင်းအနေဖြင့် လယ်မြေ၊ ယာမြေများအတွက် ထိုက်တန်သောလျော်ကြေးများကိုလည်း ရရှိခဲ့ကြပြီးဖြစ်ပါသည်။

၆။ အကောင်အထည်ဖော်ရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင်မပါရှိသော်လည်း စီမံကိန်းနယ်မြေအတွင်း ပါရှိသည့် ဒေသခံတောင်သူများ၏ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ထန်း၊ သနပ်ခါး၊ သရက်၊ ဆီးပင်များနှင့် ရေတွင်းများအတွက် လျော်ကြေးငွေများကိုလည်း တောင်သူတစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၇။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသော ESIA အစီရင်ခံစာရေးဆွဲရန် ဩစတြေးလျနိုင်ငံမှ Knight Piesold (K.P)နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများရယူ၍ ရေးဆွဲခဲ့ပြီးနောက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ESIA အစီရင်ခံစာတွင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan- EMP)၊ လူမှုစီးပွားဆိုင်ရာစီမံခန့်ခွဲမှုစီမံချက် (Social Management Plan)၊ ဒေသခံပြည်သူများ ကျန်းမာရေးစီမံခန့်ခွဲမှုစီမံချက် (Community Health Management Plan)တို့ပါဝင်ပြီး သက်ဆိုင်ရာလုပ်ငန်းစီမံချက်များ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် စောင့်ကြည့်စစ်ဆေးမည့် အစီအစဉ်များ (Monitoring Plans)များကို ထည့်သွင်းရေးဆွဲပြီးဖြစ်သကဲ့သို့ ESIA အစီရင်ခံစာ (မူကြမ်း)ကို အများပြည်သူလေ့လာအကြံပြုနိုင်ရန် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ Website တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

၈။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး စသည့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးတည်လျက် စီမံကိန်းတည်ဆောက်ရေးကာလတွင် CSR ရန်ပုံငွေအဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်းကို လည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၄၉၇ ဒသမ ၀၄ သန်းကိုလည်းကောင်း အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင်လည်း CSR ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်သန်းအကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၉။ စီမံကိန်းတည်ဆောက်ရေးကာလအတွင်း ဒေသခံ ၁၉၉၄ ဦးကို စီမံကိန်းလုပ်ငန်းခွင်များတွင် အလုပ်ခန့်အပ်ပေးပြီးဖြစ်သည့်အပြင် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသူများအတွက်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium Enterprises) အထောက်အကူပြုသက်မွေးပညာသင်တန်း (Vocational Training) များကို စက်မှုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

၁၀။ စီမံကိန်းထုတ်လုပ်ရေးကာလရောက်ရှိပါက ဒေသခံ ၁၉၀၀ ခန့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံရရှိနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုကာလ မရောက်မီ အလုပ်ခန့်ထားရန် စောင့်ဆိုင်းဆဲကာလအတွင်း ဒေသခံများ မနစ်နာစေရန်အတွက် ထောက်ပံ့ကြေး (Discount salary)ပေးအပ်သည့် အစီအစဉ်တစ်ရပ်အဖြစ် မြေယာဆုံးရှုံးမှုပမာဏကို မူတည်၍ လယ်/ယာမြေ တစ်ဧကမှ ၁၀ ဧကအထိ တစ်လလျှင် အမေရိကန်ဒေါ်လာ ၇၀၊ လယ်/ယာမြေ ၁၁ ဧကမှ ဧက ၂၀ အထိ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၂၀ နှင့် လယ်/ယာမြေ ဧက၂၀ အထက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၆၀ နှုန်းထားများဖြင့် ထောက်ပံ့ကြေးပေးခြင်းကို ခြောက်လတစ်ကြိမ် ကြိုတင်ထုတ်ပေးစနစ်ဖြင့်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံအများစုမှာ အကျိုးခံစားမှုများ ရရှိနေပြီဖြစ်ပါသည်။

၁၁။ ထို့အပြင် ကျေးရွာများ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် ညောင်ပင်ကြီး မြစ်ရေတင်စီမံကိန်းကို ငွေကျပ် ၃၆၆၉ ဒသမ ၇၈ သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်သဖြင့် သီးထပ်သီးညှပ်သုံးသီးစား သီးနှံများ စိုက်ပျိုးပါက မြေဧရိယာဧက ၂၄၀၀ အထိ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

၁၂။ လက်ပံတောင်းတောင်ကြားစေတီနှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းကိုလည်း နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ဒေသခံဆရာတော်ကြီးများ၏ အနီးကပ်ကြပ်မတ်မှုဖြင့် သာသနာတော်ထုံးတမ်းအစဉ်အလာများနှင့်အညီ မူလပုံစံအတိုင်း မူလထက်ပိုမိုကြီးမားခိုင်ခံ့၍ အများပြည်သူကြည်ညိုသပ္ပာယ် သဒ္ဓါပွားများနိုင်ရန်အတွက် ပြောင်းရွှေ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ဖူးမြော်ရသူပြည်သူများအနေဖြင့် ကုသိုလ်အကျိုးထူးတရားများ တိုးပွားရရှိနေကြပြီဖြစ်ပါသည်။

၁၃။ အကောင်အထည်ဖော်ရေးကော်မတီသည် ကြေးနီစီမံကိန်းထုတ်လုပ်မှု လုပ်ငန်းများ စတင်နိုင်ရန်အတွက် သတ္တုတွင်းဧရိယာအတွင်းရှိ ယာဉ်၊ ယန္တရားများ အသုံးပြု၍ ပစ္စည်းများသယ်ယူရခြင်းကြောင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဘေးအန္တရာယ်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် စီမံကိန်းဧရိယာခြံစည်းရိုးကာရံရန် လိုအပ်သည့်အတွက် ခြံစည်းရိုးအတွင်း စိုက်ပျိုးထားသည့် သီးနှံများအား ဒေသပေါက်စျေးဖြင့် ပေးလျော်မည်ဖြစ်ကြောင်းကိုလည်း ဒေသခံများသို့ ကြိုတင်အကြောင်းကြားခဲ့ပါသည်။

၁၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်ကန့်သတ်တားမြစ်နယ်မြေစီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်စဉ် ပြင်ပအဖွဲ့အစည်းများနှင့် ကွန်ရက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုကို နားယောင်ခဲ့သည့် ဒေသခံအချို့မှ တုတ်၊ ဓား၊ လေးခွများဖြင့် ပစ်ခတ်အကြမ်းဖက်ဟန့်တားနှောင့်ယှက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း ဒေသခံကိုးဦး ဒဏ်ရာရရှိ၍ တစ်ဦးမှာ ဒဏ်ရာရ သေဆုံးခဲ့ပါသည်။ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦး မျက်လုံး ကျွတ်ထွက်ခြင်းအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာများ အသီးသီးရရှိခဲ့ကြပါသည်။ ယင်းဝမ်းနည်းဖွယ်ရာ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာများမှ စုံစမ်းစစ်ဆေးလျက်ရှိပါသည်။

၁၅။ အကောင်အထည်ဖော်ရေးကော်မတီသည် စီမံကိန်းလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရာတွင် စီမံကိန်းနယ်မြေသို့ ကွင်းဆင်း၍ ပြည်သူလူထုနှင့် တွေ့ဆုံခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကိုယ်စားလှယ် (CSD) များနှင့် တွေ့ဆုံခြင်း၊ လုပ်ငန်းကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် အဖွဲ့ခေါင်းဆောင်များ၊ ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း စသည်များကို အနည်းဆုံးတစ်လတစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၆။ လက်ပံတောင်းတောင်စီမံကိန်းနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များထက် ပိုမိုအားဖြည့်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူအများစုမှာ စီမံကိန်းအပေါ် နားလည်လက်ခံလာကြပြီး ထပ်မံပေးအပ်သည့် မြေယာလျော်ကြေးငွေများ၊ အလုပ်အကိုင်စောင့်ဆိုင်းဆဲကာလအတွင်း ထောက်ပံ့ကြေးငွေများကို ကျေနပ်စွာထုတ်ယူခဲ့ကြပါသည်။

၁၇။ ထို့အပြင် စီမံကိန်း၏ ထုတ်လုပ်မှုလုပ်ငန်းများစတင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ အမြန်ရရှိရေးကိုလည်း မျှော်လင့်လျက်ရှိကြပါသည်။ သို့သော် စီမံကိန်းအလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်နေသော လူအနည်းစု အချို့မှာ အမြင်မကြည်လင်ဘဲ ပြင်ပအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့လှုံ့ဆော်မှုများကြောင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် အမြဲတစေ ပြဿနာတစ်ခုမဟုတ် တစ်ခု ဖြစ်အောင်ဖန်တီး၍ ဟန့်တားနှောင့်ယှက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၁၈။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အကျိုးစီးပွား၊ ဒေသခံလူထု၏အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်သာမက စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများကို ယုံကြည်မှုပိုမိုတိုးတက်စေနိုင်သည့် ရေရှည်ဆောင်ရွက်သွားရမည့် နိုင်ငံတကာအဆင့်မီ စံပြစီမံကိန်းတစ်ခုပင်ဖြစ်ပါသည်။

၁၉။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အသွင်ကူးပြောင်းဆောင်ရွက်ပေးနေသည့်ကာလတွင် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မှသာ အလျင်အမြန်တိုးတက်မှုရရှိနိုင်မည်ဖြစ်ပါသည်။

၂၀။ သို့ဖြစ်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အဖျက်သဘောဖြင့် သွေးခွဲလှုံ့ဆော်ခြင်းများကြောင့် မလိုလားအပ်သည့် ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပွားစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့် တိုင်းရင်းသားပြည်သူများက အသိ၊ သတိဖြင့် ဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်**
**စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ်**
**အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ**

**❋ စာမျက်နှာ ၆ မှ**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၁၅ စတင်ကျင်းပမည့် ၂၂-၁-၂၀၁၅ ရက်မှ ၂၃-၁-၂၀၁၅ ရက်အထိ အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကိုလည်းကောင်း၊ ၂၄-၁-၂၀၁၅ ရက်တွင် အာဆီယံ-တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ (၂၆)ကြိမ်မြောက် အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၅) ကြိမ်မြောက် အာဆီယံ-ရုရှား ခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို (MICC-1)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ၂၅-၁-၂၀၁၅ ရက်တွင် (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) အပါအဝင် ဆက်စပ်အဖွဲ့အစည်းများ အစည်းအဝေး၊ ၂၆-၁-၂၀၁၅ ရက်တွင် (၁၄) ကြိမ်မြောက် အာဆီယံ-တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံ-အိန္ဒိယခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲကို (MICC-1) တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

၂၆-၁-၂၀၁၅ ညနေပိုင်း၌ (MICC-2) ခန်းမကြီးတွင် (ASEAN Tourism Forum 2015) ဖွင့်ပွဲအခမ်းအနားကြီးနှင့် ဂုဏ်ပြုညစာစားပွဲကို အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော် ဒုတိယသမ္မတ(၂)က အဖွင့်မိန့်ခွန်းပြောကြားကာ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ၂၇-၁-၂၀၁၅ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာကွန်ဖရင့် (ASEAN Tourism Conference)နှင့် ဖိုရမ်သို့ တက်ရောက်လာသော ခရီးသွားလုပ်ငန်းဆိုင်ရာရောင်းချ၊ ဝယ်ယူသူများ တွေ့ဆုံပွဲ (Buyer- Meet-Seller) ကျင်းပခြင်း၊ ၂၈-၁-၂၀၁၅ ရက်နှင့် ၂၉-၁-၂၀၁၅ ရက်များတွင် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ နိုင်ငံအလိုက် ရှင်းလင်းတင်ပြခြင်း၊ ပြပွဲပြသခြင်းများကို (MICC-1) တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။(၂၉-၁-၂၀၁၅) ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ (ASEAN Tourism Forum 2015) ပိတ်ပွဲအခမ်းအနား ကျင်းပကာ (ASEAN Tourism Forum 2016) အား အလှည့်ကျကျင်းပရမည့် ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပါသည်။

ကျင်းပပြီးစီးခဲ့သည့် နိုင်ငံတော်ပွဲကြီးများကို စောင်းငဲ့ကြည့်လိုက်ပါ။ World Economic Forum (2013), 27th Sea Games (2013), ASEAN Summit (2014) ပွဲကြီးများတွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆိုင်ရာကိစ္စရပ်များ အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ခဲ့ရပါသည်။ ဤသည်မှာ ပဒေသာပင်မြေကပေါက်သလို အလိုလိုဖြစ်လာခြင်းမဟုတ်ပါ။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ အဆင့်ဆင့်လမ်းညွှန်မှုကိုခံယူ၍ ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အောက်ခြေဝန်ထမ်းအထိ ဝန်ထမ်းအားလုံး စနစ်တကျ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှု၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှု၊ ပုဂ္ဂလိကကဏ္ဍကို အစိုးရအဖွဲ့အစည်းအဆင့်ဆင့်နှင့် လက်တွဲညီညာစွာ ကြိုးပမ်းဆောင်ရွက်ရေး စည်းရုံးအားထုတ်မှုတို့၏ ရလဒ်ဖြစ်သည်ကို မည်သူမျှ ငြင်းဆို၍ မရနိုင်ပါ။

မကြာမီကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ကိုလည်း အထက်ပါကဲ့သို့ပင် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရွှန်းတင့်စွာအောင်မြင်ကျင်းပပြီးစီးမည်မှာ အမှန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်တွင်းရေးရာ

# ဓမ္မမုဒိတာရောင်ခြည်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် သိက္ခာထပ် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မစိုးရိမ်တိုက်သစ် ဓမ္မမုဒိတာရောင်ခြည်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနားတို့ကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်ရှိ ဓမ္မမုဒိတာရောင်ခြည်ကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝါဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်မိသားစုများနှင့် ဧည့်သည်တော်များက သံဃာတော် ၃၅ ပါးအား သိမ်ဆင်းလောင်းလှူကြသည်။ ထို့နောက် သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်မိသားစုတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး ဆရာတော်နှင့် ပြည်ထောင်စုဝန်ကြီးတို့က စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဓမ္မမုဒိတာရောင်ခြည်ကျောင်းဆောင်သစ်အပေါ်ထပ်တွင် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး၊ ကျောင်းအလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဆရာတော်၊ သံဃာတော်များအား သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သော သပြေကုန်းမစိုးရိမ်တိုက်သစ်အတွင်းရှိ ဓမ္မမုဒိတာရောင်ခြည်ကျောင်းဆောင်သစ်ကို မူလအလှူရှင် ကျောင်းဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံခဲ့ပြီး ကျောင်းအလှူရှင် ဦးမောင်မောင်လေးနှင့် ဇနီး ဒေါ်မြင့်မြင့်ခိုင်တို့က သပြေကုန်း မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံ ဓမ္မမုဒိတာရောင်ခြည်



ကျောင်းဆောင်တော်ကို အာရာမိက သံဃိကဒါနအဖြစ် သာဟတ္ထိကမြောက် ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သန်လျင်မြို့ မဟာမဇ္ဈိမာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ မစိုးရိမ်တိုက်သစ်တွင် သံဃာတော်အပါး ၁၆၀ သီတင်းသုံး၍ ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိပြီး ဓမ္မာစရိယစာချတန်းကို ဖွင့်လှစ်ပို့ချလျက် ရှိကြောင်းနှင့် နေပြည်တော်တွင် ဓမ္မာစရိယတန်း၌ အောင်ချက်အကောင်းဆုံး ကျောင်းတစ်ကျောင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# ရန်ကုန်တက္ကသိုလ်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တက္ကသိုလ်၊ Kyoto University နှင့် UNESCO တို့ပူးပေါင်းပြီး နှစ်ရက်ကြာကျင်းပမည့် The Third Workshop on Promotion of Energy Science Education for Sustainable Development in Myanmar အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမရှိ Conference Room ၌ စတင်ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံတို့မှ ပါမောက္ခ ၁၁ ဦး၊ မြန်မာနိုင်ငံဆိုင်ရာ ယူနက်စကိုရုံးမှ ကိုယ်စားလှယ်နှင့် ရန်ကုန်တက္ကသိုလ်နှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခများ၊ ပညာရှင်များ၊ ပါရဂူသင်တန်းသားများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်တက္ကသိုလ် ပညာရေးမြှင့်တင်မှုလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တက္ကသိုလ်သည် သိပ္ပံပညာနှင့် နည်းပညာနယ်ပယ်၊ ဝိဇ္ဇာပညာရပ်နှင့် လူမှုစီးပွားပညာနယ်ပယ်များတွင် နိုင်ငံတကာအဆင့်မြင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလရှည် ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ASEAN University Network-Quality Assurance(AUN-QA) စနစ် အကောင်အထည်ဖော်ခြင်း၊ ASEAN University Network The Southeast Asia Engineering Education Development Network (AUN/SEED-Net) Scholarship အစီအစဉ်များနှင့်ပညာသင်များစေလွှတ်ခြင်း၊ အမေရိကန်နိုင်ငံ Johns Hopkins University၊ ကိုရီးယားနိုင်ငံ Chung Ang University တို့နှင့်ပူးပေါင်းပြီး "International Relations and Development" တစ်နှစ်ကြာ သင်တန်းဖွင့်လှစ်ခြင်း၊ မနုဿဗေဒဌာနနှင့် ကိုရီးယားနိုင်ငံ Hanyang University တို့ ပူးပေါင်းသုတေသနပြုလုပ်ခြင်း၊ Korea-Myanmar Local Knowledge Centre ဖွင့်လှစ်တည်ထောင်ခြင်း၊ ဥပဒေပညာဌာနနှင့် ဂျပန်နိုင်ငံ Nagoya University တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် Japan-Myanmar Legal Research Centre တည်ထောင်ပြီး သင်တန်းများဖွင့်လှစ်ခြင်း၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း စသည့်နိုင်ငံတကာပညာရေး ပူးပေါင်းဆောင်ရွက်မှုများရှိသည်။

ထိုင်းနိုင်ငံ Thepsatrirajabhat University၊ ကိုရီးယားနိုင်ငံ Hankuk University of Foreign Studies၊ Korea Foundation for Advanced Studies၊ ဂျပန်နိုင်ငံ Nagoya University၊ သြစတြေးလျနိုင်ငံ Australia National University တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) များရေးထိုးပြီး ပညာရေးဆိုင်ရာမြှင့်တင်မှုများကို ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

ပြည်ပမှ အကူအညီပေးလိုသော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင်မကြာမီe- Library ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည့်အတွက် မိမိတို့သိလိုသော ပညာရပ်နယ်ပယ်များအကြောင်းကို ကောင်းမွန်စွာလေ့လာနိုင်တော့မည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများ စုဆောင်းရရှိရေးဆောင်ရွက်ခြင်း၊ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏စွမ်းရည် တည်ဆောက်ခြင်း၊ တက္ကသိုလ်၏ စွမ်းဆောင်နိုင်ရည်မြှင့်တင်ခြင်း စသည်များကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေကြောင်း သိရသည်။

**(ကြေးမုံ)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**ရွှေကျင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်သည် ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့်အတူ ရွှေကျင်မြို့နယ် သောင်လယ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ဆောင်နေမှုများကို မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ရှင်းလင်းတင်ပြပြီး မြစိမ်းရောင် ကော်မတီဝင်များက မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက မြစိမ်းရောင်စီမံကိန်းသည် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပြီး လူမှုဘဝမြင့်မားရန်ဖြစ်သည့်အတွက် လုပ်ငန်းအားနည်းချက်၊အားသာချက်များကို ဆွေးနွေးပြီး စာရင်းဇယားဆောင်ရွက်နေမှု၊ ငွေစာရင်းထိန်းသိမ်းထားရှိမှုတို့ကိုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကရင်(ပဲခူး)**


# မြဝတီမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဇန်နဝါရီ ၅**

မြဝတီမြို့နယ်ရှိ နယ်မြေခံတပ်သည် ဒီဇင်ဘာ ၂၃ ရက် နှင့် ၂၄ ရက်တို့တွင် မြဝတီမြို့ သယ်န်းညီနောင် ပေါလောကျေးရွာ ခြေတော်ရာတောင်ခြေအနီးသစ်စက်ဝန်းရှိ စောထီခေါင်၏တဲအား ရှာဖွေရာ မှိုင်းခံစက္ကူဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၃၀၀၊ ၁၂ ဘီးယာဉ် တစ်စီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ တရုတ်နီသစ်စက် တစ်စုံ၊ စတင်းသစ်ဖြတ်စက် နှစ်လုံး၊ တရုတ်နီမီးစက် တစ်လုံး၊ ဟွန်ဒါမီးစက်တစ်လုံးနှင့် လွှဝိုင်းငါးခုတို့အား သိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီသို့ လွှဲပြောင်းပေးအပ်သဖြင့် စောထီခေါင် (ခ) စောအောင်ကျော်ဇံ (၂၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်ခဲ့ရာ မြန်မာနိုင်ငံ အာဆီယံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌ ရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်မက်(စ်)၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ မဏ္ဍိုင်ကြီးသုံးရပ်မှ အဆင့်မြင့်အရာရှိကြီးများ အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ အာဆီယံဆိုင်ရာ အဆင့်မြင့်အရာရှိကြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အာဆီယံဥက္ကဋ္ဌ လွှဲပြောင်းပေးအပ်သည့် မိန့်ခွန်းပြောကြားခဲ့ပြီး ၂၀၁၅ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် မလေးရှားနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်ထားခြင်းခံရသူ မစ္စတာ မိုဟာမက် ဟာနက် အမ္ဗဒူရာမန်အား အာဆီယံဥက္ကဋ္ဌတာဝန်လွှဲပြောင်းသည့် မှတ်တမ်းစာအုပ်အား ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး မလေးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်ထားခြင်းခံရသူက လွှဲပြောင်းလက်ခံသည့် မိန့်ခွန်းပြောကြားခဲ့ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အာဆီယံအစဉ်အလာကို အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်သည့်နှစ် ကုန်ဆုံးသည့်အချိန်တွင် အာဆီယံမြို့တော်များတွင် အခြေစိုက်သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ သံအမတ်ကြီးထံသို့ တာဝန်ကို လွှဲပြောင်းခြင်းဖြစ်သည်။

**(သတင်းစဉ်)**



**ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းပေါ်ရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ထိုင်းနိုင်ငံ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီး၊ အရိုး၊ အကြောခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့က အခမဲ့ဆေးဝါးများ လာရောက်ကုသပေးနေစဉ်။**

မောင်မောင်သန့်(ကြေးမုံ)

**❁ ကချင်မှ**

ထို့နောက် မနောပွဲတော်ကုန်စည်ပြပွဲကို စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဒေါက်တာခင်မောင်ထွန်း၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ Cum Wei နှင့် မနောကော်မတီဝင် ဦးခရန်လဆန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကုန်စည်ပြပွဲဆိုင်ခန်းများကို ပြည်နယ်ဝန်ကြီးများ၊ ထိန်ချုံးခရိုင်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

(၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် အထိမ်းအမှတ်မနောပွဲတော်ကို ဇန်နဝါရီ ၈ ရက်တွင် ပွဲတော်ဖွင့်ပွဲကျင်းပ၍ ဇန်နဝါရီ ၁၁ရက်ထိ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ကာယဗလမောင်နှင့်မယ်ပြိုင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ စင်တင်တေးဂီတများ၊ ဇာတ်သဘင်များဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပွဲတော်နှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားများဖြစ်သည့် ကချင်ပြည်နယ်ရောက် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များ၏ ရိုးရာ/စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးဇေယျာမင်းက "ကျွန်တော်ကတော့ ကချင်ပြည်နယ်ရောက် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များရဲ့ ရိုးရာ/စာပေနဲ့ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးဇေယျာမင်းပါ။ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူတွေလည်း နှစ်စဉ် မနောပွဲတော်မှာ တက်ရောက်ခဲ့ပြီး အခုလည်း သုံးနှစ်ကြာရပ်နားခဲ့တဲ့ မနောပွဲတော်ကြီးကို တက်ရောက်ခွင့်ရလို့ ဝမ်းသာမိပါတယ်။ ကျွန်တော်နဲ့အတူ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူ ၆၀ ကျော် တက်ရောက်ပါတယ်။ အကုန်လုံးက မြစ်ကြီးနားက မဟုတ်ပါဘူး။ ဖားကန့်၊ တနိုင်း စတဲ့မြို့တွေမှာ အခြေချနေထိုင်တဲ့သူတွေပါ တက်တယ်လေ။ အခုလို မနောပွဲတော် ကျင်းပပေးတဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ မနောပွဲတော်ကျင်းပရေးကော်မတီနဲ့ ဆပ်ကော်မတီတွေကို ကျေးဇူးတင်ပါတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေကိုလည်း မနောပွဲတော်ကြီးကို ဖိတ်ခေါ်ပါတယ်။ အကအဖွဲ့တွေလည်း ပျော်ရွှင်စွာဆင်နွှဲဖို့ ပါလာပါတယ်။ ကျွန်တော်အဖြစ်ချင်ဆုံးဆန္ဒကတော့ မြန်မာတစ်နိုင်ငံလုံး အမြန်ဆုံးတည်ငြိမ်အေးချမ်းပြီး နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာတဲ့ပြည်သူတွေ ကိုယ့်နေရပ်ကို ပြန်နေနိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။"

မောင်ခေါင်လန်လဂျာ(ကချင်)[မြစ်ကြီးနား တက္ကသိုလ် သတ္တဗေဒဘာသာရပ်(တတိယနှစ်ကျောင်းသား)]က "ကျွန်တော်ကတော့မြစ်ကြီးနား တက္ကသိုလ်သတ္တဗေဒဘာသာရပ်မှာ ပညာသင်ကြားနေတဲ့ မောင်ခေါင်လန်လဂျာပါ။မနောပွဲရပ်ခဲ့တာ သုံးနှစ်ကြာပြီး အခုပြန်လုပ်ပေးတော့ အလွန်ဝမ်းသာပီတိဖြစ်ပါတယ်။ မနောပွဲတော်ဆိုတာ ကျွန်တော်တို့ကချင်လူမျိုးတွေရဲ့ ပွဲတော်တွေထဲက အထွတ်အမြတ်ထားတဲ့အထင်ကရ ပွဲတစ်ခုပါ။ အခုပွဲမှာ တိုင်းရင်းသားတွေ အစုံအလင်တွေ့ရတာ ကြည်နူးစရာမြင်ကွင်းတစ်ခုဖြစ်ပြီး တိုင်းရင်းသားတွေ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိတယ်လို့လည်း ခံစားရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ မနောပွဲတော်ကြီးမှာ ပါဝင်ဆင်နွှဲနိုင်ပါတယ်ခင်ဗျာ။"

"သမီးကတော့ ကချင်တိုင်းရင်းသူ မမဂျွယ်ဆိုင်းမော်ပါ။ မြစ်ကြီးနားတက္ကသိုလ်သတ္တဗေဒဘာသာဌာနက ဒုတိယ နှစ်ကျောင်းသူပါ။ မနောပွဲတော်ကျင်းပပေးတဲ့တာဝန်ရှိတဲ့ သူတွေကို ကျေးဇူးတင်ပါတယ်။ ပြောမပြလောက်အောင်လည်း ဝမ်းသာမိပါတယ်။ မနောပွဲဟာ ကချင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေ စုပေါင်းကျင်းပတဲ့ ရိုးရာပွဲဆိုလည်း မမှားပါဘူး။ မနောပွဲတော်ကို နိုင်ငံခြားသားများပါဝင်ရောက်စုပေါင်းကျင်းပတဲ့ ရိုးရာပွဲဆိုလည်း မမှားပါဘူး"ဟု ပြောကြားသွားသည်။ **(ကြေးမုံ)**


သွေးသည်အသက်

(၄၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ပါပါ ပါမောက္ခ ဦးကျော်ညွန့်နှင့် ချစ်မေမေ ဒေါက်တာ ညိုသန်းမူတို့၏ ၆-၁-၂၀၁၅ရက်တွင် ကျရောက်သော (၄၁) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သား၊ ချစ်သမီးများနှင့် ပျော်ရွှင်ချမ်းမြေ့ပြီးပြည့်စုံသည့် ဘဝခရီးလမ်းကို အတူထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သား - ကိုကျော်ဇေယျာဦး
- ဗိုလ်ကြီး တေဇာကျော်ညွန့်-မစန္ဒာအောင်
ချစ်သမီး - ဒေါက်တာ ထွန်းလင်းမောင်-မစုလေးညို

ဧဝတာနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
မန်းရွှေစက်တော်ဖွင့်ပွဲ (Jan 22, 23) နေ့မှစ၍ အပတ်စဉ် (အင်္ဂါ၊ သောကြာ)
ထားဝယ် – ထီးဘီး၊ ယိုးဒယား – တန့်ချုံနာဘူရီ၊ ပင်ကောက် – မြဘုရားပွဲ (၆)ရက် Jan 16,30 Feb 11,27
• စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ ဆက်၍ – မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
• ပုပ္ပါး၊ ပုဂံ–ညောင်ဦး၊ ပခုက္ကူ (၄)ရက်။ • တောင်ကြီး၊ အင်းလေး (၄)ရက်။ စား+တည်း ငွေ်မီး အပတ်စဉ်–သောကြာ
• မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက်။ ဆက်၍ – ထားဝယ်ရှင်ကိုးရှင်(၆)ရက်။
• ပေလီ ကမ်းခြေ (၄)ရက်။ Guest & Restaurant ငွေ် 85000 Dec 29-Jan2,9
၂၈၀။ပ–ထပ်း၃၉လမ်း(အထက်) 392704, 09 50 66657, 09 73017110

LO/JO Eng, GK, Myanmar ဖွင့်ပြီ
since1984 အဖြူလေး 095146452
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း၊ တာမွေရတုလှည်းတန်း
အင်္ဂလိပ်စာမေးခွန်းပုံစံ အမျိုးမျိုးမေးတတ်တဲ့
အကောက်ခွန်မှူး
( ရေးတူးနှင့်ကွန်ပျူတာတိုပါသင်ပေးမည် ။ )
တန်းခွဲ ၃ ခုဖွင့်ပြီ နေ့စဉ်တက် Jan12 စမည်

HPA Hair Professional Association
၂၀၁၅ ခုနှစ်အတွက် ပထမအကြိမ်အဖြစ် ဆံပင်ကျွမ်းကျင် ပညာရှင်များအသင်း
HPA မှကြီးမှူး၍ အသင်းဝင်များအား ပညာဒါနအဖြစ် သင်ကြားပေးမည့်
မိတ်ကပ်၊ ဆံပင်ဆင်ယင်မှုနှင့် ကျစ်ဆံမြီး ကျစ်နည်းအခမဲ့သင်တန်း တက်ရောက်ရန် ဖိတ်ကြားခြင်း

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hair Professionals Association (HPA)မှ ကြီးမှူး၍ ပညာဒါနအဖြစ် မိတ်ကပ်၊ ဆံပင်ဆင်ယင်မှုနှင့် ကျစ်ဆံမြီး အကပ်ကျစ်နည်းအား သင်ကြားပေးမည် ဖြစ်ပါသဖြင့် သင်ကြားလိုသော HPA အသင်းဝင်များအား ဖိတ်ခေါ်အပ်ပါသည်။

Main Sponsors
PAUL MITCHELL
ARTY

Day 1
သင်ကြားမည့် ဘာသာရပ် ။ မော်ဒယ်လ် မိတ်ကပ်နှင့် ဆံပင်စတိုင်လ်များ
သင်ကြားမည့် နည်းပြ ဆရာများ ။ မနိုင်နှင့် မရှို့ (Hello Beauty Salon)
သင်တန်းပေးမည့်ရက်။ ၁၃-၁-၂၀၁၅ (အင်္ဂါနေ့)
အချိန် ။ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
နေရာ ။ ယုဇန ဟိုတယ်၊ အနောက် ရွှေဂုံတိုင်လမ်း ရန်ကုန်မြို့။

Day 2
သင်ကြားမည့် ဘာသာရပ် ။ ကျစ်ဆံမြီး အကပ်ကျစ်နည်းနှင့် ဆံထုံး ကျစ်ဆံမြီးကျစ်နည်း
သင်ကြားမည့် နည်းပြဆရာ ။ မသဲ (G.Six Beauty Salon)
သင်တန်းပေးမည့်ရက်။ ၁၄-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
အချိန် ။ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
နေရာ ။ ယုဇနဟိုတယ်၊ အနောက် ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။

အထူးအစီအစဉ်
နှစ်သစ်ကူးလျှော့ဈေးအနေဖြင့် ရောင်းချပေးမည့် မိတ်ကပ်နှင့် အလှကုန်ပစ္စည်းများအား မည်သူမဆို လာရောက် ဝယ်ယူနိုင်ပါသည်။

နာမည်ကြီး မော်ဒယ်များဖြစ်ကြသော နှင်းဝေဟား၊ နှင်းသူဇာ၊ ဖြတ်နှီးဝေ၊ ချွန်းချွန်းနှင့် ဗိဘတ္တာမင်းဥာဏ်တို့မှ မော်ဒယ်မိတ်ကပ်လိမ်းခြယ်ရာတွင် ပါဝင်လိမ်းခြယ်ခံပါမည်။

မှတ်ချက် - သင်တန်းတက်လိုသူ အသင်းဝင်များ(အသဲ)နှင့် အသင်းဝင်မဟုတ်သူများ တစ်ရက်လျှင် ၁၅၀၀၀ိ- နှုန်းဖြင့်

The Salon ၀၉-၇၃၂၂၄၁၂၃၊ Hello ၀၉-၄၂၀၈၄၉၃၆ နှင့် ၀၉-၄၂၀၈၄၉၃၇၊ G.Six ၀၉-၇၃၂၃၉၂၃၆၊ Fancy House ၀၁-၆၅၂၉၉၅၊ ၀၁-၆၅၀၇၅၉၊ Image ၀၉-၇၉၉၆၃၈၂၇၂၊ Spice Girls ၀၉-၅၁၁၄၈၉၄၊ Konomi ၀၉-၅၁၀၈၀၂၈ တို့ကို (၁၀-၁-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ် စာရင်းပေးသွင်း နိုင်ပါသည်။

**အားကစား**

## ဂျူဗင်တပ်အသင်းမှ ပေါ့ဘာအား ရောင်းချရန်စီစဉ်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သည့် ပြင်သစ်ကွင်းလယ်လူ ပေါ့ဘာအား ရောင်းချကာ ဖယ်လ်ကာအို၊ ရာမီရက်စ်နှင့် မီရန်ဒါစသည့် နာမည်ကျော်ကစားသမားများအား ပြန်လည်ခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။

ပေါ့ဘာမှာ ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်ခန့်သာ ကျန်ရှိတော့သူဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းအား မန်ယူ၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ PSG စသည့် ဥရောပအင်အားကြီးကလပ်များက အပြိုင်စောင့်ကြည့်နေခြင်းဖြစ်သည်။

ထို့ပြင် ကစားသမားကိုယ်တိုင်မှာလည်း အီတလီမြေကို စွန့်ခွာ၍ ဥရောပထိပ်သီးကလပ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း ဗြိတိန်အားကစားဝက်ဘ်ဆိုက် BBC တွင် ဖော်ပြခဲ့သည်။ ထို့ကြောင့်ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ပေါ့ဘာအားမြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောင်းထုတ်သွားရန် စီစဉ်နေပြီး နာမည်ကျော်ကစားသမားများဖြစ်ကြသည့် ဖယ်လ်ကာအို၊ ရာမီရက်စ်၊ မီရန်ဒါတို့အားပြန်လည်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ထို့ပြင် ဂျူဗင်တပ်အသင်းမှာ လာမည့် ဇန်နဝါရီကာလနှင့် နွေရာသီအပြောင်းအရွှေ့ကာလတို့တွင် ထိပ်တန်းကစားသမားများကို မဖြစ်မနေ ထပ်မံခေါ်ယူရန် ပြင်ဆင်နေပြီး ဂါလာတာစာရေး ကွင်းလယ်လူ ဆနိုက်ဒါ၊ ချယ်လ်ဆီးကွင်းလယ်လူ ဆာလာတို့ကိုပါ ပစ်မှတ်ထားလျက်ရှိကြောင်း အီတလီသတင်းစာ La Gazzeta က ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းမှာ ပေါ့ဘာ၏ ပြောင်းရွှေ့ကြေးအတွက် အနိမ့်ဆုံးယူရိုသန်း ၇၀ ခန့် အလိုရှိနေပြီး ၎င်း၏ အသင်းဟောင်းဖြစ်သည့် မန်ယူအသင်းမှာ အခြားအသင်းများထက်ပိုမိုခေါ်ယူနိုင်ရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိကြောင်းသိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ ပြင်သစ်လက်ရွေးစင်ကစားသမား ပေါ့ဘာမှာ မန်ယူလူငယ်စီမံကိန်းမှ ပေါ်ထွက်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် ၇၆ ပွဲပါဝင်ကစားကာ ၁၅ ဂိုးသွင်းယူပေးခဲ့သူဖြစ်ကြောင်းသိရသည်။ **(ကိုရဲ)**



# ဇူလိုင်လတွင် နယူးယောက်စီးတီး အသင်း၌ လမ်းပတ်ပြန်ကစားမည်

ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် လက်ရှိအငှားဖြင့် လာရောက်ကစားလျက်ရှိသည့် မန်စီးတီးအသင်းမှ ထွက်ခွာကာ အမြဲတမ်းစာချုပ်ချုပ်ဆိုထားသည့် နယူးယောက်စီးတီးအသင်း၌ လာမည့်ဇူလိုင်လတွင် ပြန်ကစားမည်ဖြစ်ကြောင်း သိရသည်။

လမ်းပတ်၏ ခြေစွမ်းသည် မန်စီးတီးနည်းပြ ပယ်လီဂရီနီအတွက် အကောင်းဆုံးပုံစံဖြစ်ခဲ့သော်လည်း လက်ရှိ အငှားဖြင့်လာရောက်ကစားနေမှုကို ရာသီကုန်တွင် ရပ်တန့်ကာ မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးသို့ ပြန်ကစားရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ဇန်နဝါရီ ၄ ရက်ညပိုင်းက ရှက်ဖီးဝက်နက်စ်ဒေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် မန်စီးတီးအသင်းနိုင်ပွဲရရှိရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းက အငှားစာချုပ်သက်တမ်းတိုးခဲ့မှုနှင့်ပတ်သက်၍ မန်စီးတီးပရိသတ်၏ အလိုမကျဖြစ်မှုအပေါ် ဒေါသထွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်း၌ အရေးပါသော ကစားသမားများထဲတွင် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်အောင်လည်း လမ်းပတ်အနေဖြင့် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား လမ်းပတ်သည် မန်စီးတီးအသင်း၌ အငှားလာရောက်ကစားစဉ် ပွဲပေါင်း ၁၃ ပွဲ ကစားပေးခဲ့ပြီး သွင်းဂိုး ခုနစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။ **(နိုင်လင်းကြည်)**

# ရီးယဲလ်နှင့် ကစားရမည့်ပွဲတွင် တိုက်စစ်မှူး တောရက်စ် ပါဝင်မည်

စပိန်အသင်း၏ ရှေ့တန်းတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် ဇန်နဝါရီ ၄ ရက်က အသင်းဟောင်း အက်သလက်တီကို မက်ဒရစ်အသင်းသို့ အေစီမီလန်အသင်းမှ ၁၈ လ အငှားစာချုပ်ဖြင့် ရောက်ရှိလာခဲ့ပြီး ပွဲဦးမှာပင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ရှုံး/ထွက်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် ကစားမည်ဖြစ်သည်။




အသက်(၃၀)အရွယ်ရှိယင်းကစားသမားက မွေးရပ်ဇာတိအသင်းဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အသက် (၁၇) နှစ်အရွယ်ကပင် စတင်ကစားပေးခဲ့ကာ အသင်းခေါင်းဆောင်အဖြစ်လည်း တာဝန်ယူခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် လီဗာပူးအသင်းသို့ ပေါင်သန်း ၂၀ ဖြင့် မပြောင်းရွှေ့မီ အက်သလက်တီကိုအတွက် ပွဲပေါင်း ၂၄၄ ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

တောရက်စ်က "ကျွန်တော် အက်သလက်တီကိုက ထွက်ခွာဖို့ ဆုံးဖြတ်ချက်ချခဲ့တဲ့အချိန်မှာ အရမ်းကို ခက်ခဲခဲ့ပါတယ်။ ကလပ်အသင်းပိုမိုအင်အားကြီးမားစေဖို့ ငွေကြေး လိုအပ်ခဲ့တာရယ်။ ကျွန်တော့်အတွက် အတွေ့အကြုံသစ်တွေရရှိချင်ခဲ့တာကြောင့် အသင်းကို ကျောခိုင်းခဲ့ပါတယ်။ အခုအချိန်မှာတော့ အက်သလက်တီကိုက အများကြီးတောင့်တင်းလာသလို ဆုဖလားတွေလည်း အများကြီး ရယူထားနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

တောရက်စ်သည် အင်္ဂလိပ်ဘောလုံးလောကနှင့် အလွယ်တကူပင် အသားကျခဲ့ကာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝအထွန်းတောက်ဆုံးပုံစံကို လီဗာပူးတွင်ပြသနိုင်ခဲ့သည်။ ယင်းနောက် ၂၀၁၁ ခုနှစ်တွင် ပေါင်သန်း ၅၀ ဖြင့် ချယ်ဆီးသို့ ပြောင်းရွှေ့သွားခဲ့သည်။

ဇန်နဝါရီ ၄ ရက်က အေစီမီလန်မှ အသင်းဟောင်း အက်သလက်တီကိုအသင်းသို့ ၁၈ လ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး နောက်နှစ်ဘောလုံးရာသီကုန်အထိ အက်သလက်တီကိုနှင့် အတူရှိနေမည်ဖြစ်သည်။ **(မေလှဲ့သင်း)**

## မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ရေးမြို့နယ်၌ ကျင်းပ

**ရေး ဇန်နဝါရီ ၅**

မွန်ပြည်နယ်ရေး၌ မြို့တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်မျိုးအောင်ရပ်ကွက်အသင်းကို ပြည်နယ်လွှတ်တော်စစ်နှင့် စက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က ဒိုင်းဆုနှင့် ဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရ ချောင်းတောင်ကျေးရွာအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ တတိယရရှိသော အောင်မေတ္တာရပ်ကွက် အသင်းကို မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးရဲညွန့်မောင်က ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မီနီမာရသွန်ပြိုင်ပွဲနှင့် အလွတ်တန်း သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**




**အခန်းကျယ်ရောင်းမည်။**

ကျောက်မြောင်း ကားကွက်သစ်လမ်းကျယ်၊ တတိယထပ်(17'x60')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ ဗာရာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သံပန်းအလှများနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။(PVC+မှန်များဖြင့်အဆင့်မြင့်အိပ်ခန်း(၂)ခန်းပါ)A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့်အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည် အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍မီးဖိုခုံနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်းPressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီးဘိုထိုင်၊ ရေမီးကိုယ်ပိုင်၊ (အသင့်နေနိုင်)

(ပွဲစားအကျိုးဆောင်၊ ကြော်ငြာများပလိုပါ)

ကျပ်သိန်း→(700) Ph:09-5053076

**သင့်သွေးဖြင့် အသက်ကယ်ပါ**



## အီရန်၊ အဇာဘိုင်ဂျန်၊ ရုရှားတို့ ဆက်သွယ်မည့် ဓာတ်အားလိုင်းကွန်ရက်စနစ် တည်ဆောက်မည်

**တီဟီရန် ဇန်နဝါရီ ၅**

အီရန်နှင့် ရုရှားနိုင်ငံတို့သည် မဝေးသောအနာဂတ်တွင် အဇာဘိုင်ဂျန်နိုင်ငံကို ဖြတ်သန်း၍ မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်များ တည်ဆောင်မည်ဖြစ်ကြောင်း တက်စ်နင် သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြသည်။

အီရန်နှင့် ရုရှားနိုင်ငံတို့သည် လွန်ခဲ့သည့် စက်တင်ဘာလ ကတည်းက အီရန်၊ အဇာဘိုင်ဂျန်၊ ရုရှား မဟာဓာတ်အားလိုင်းများ ချိတ်ဆက်ရန် သဘောတူလက်မှတ်ရေးထိုးထားခဲ့ကြသည်။ အီရန်၊ အဇာဘိုင်ဂျန် အိမ်နီးချင်းနှစ်နိုင်ငံကို ချိတ်ဆက်နေသည့် ၂၆၀ ကီလိုမီတာရှည်လျားသော ၄၀၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိပြီးနောက် စေ့စပ် ညှိနှိုင်းသူများ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဓာတ်အားလိုင်းတည်ဆောက်မှုကို မတ်လနှောင်းပိုင်းတွင်ပြီးစီးရန် စီစဉ်ထားပြီး အဆိုပါဓာတ်အားလိုင်းသည် အီရန်နှင့် ရုရှားနိုင်ငံကြား ပထမဆုံး ချိတ်ဆက်သည့် ဓာတ်အားလိုင်း ကွန်ရက်ဖြစ်သည်။

အီရန်နိုင်ငံသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ၎င်း၏ တောင်ဘက်ရှိ အပူပိုင်းဒေသများနှင့် မြောက်ဘက်ပိုင်းရှိ အအေးပိုင်း အိမ်နီးချင်းနိုင်ငံများအတွက် ဒေသတွင်း၌ စွမ်းအင်ဗဟိုချက်မဖြစ်လာစေရန် ရည်ရွယ်လျက်ရှိသည်ဟု အီရန်စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ အဆိုအရသိရသည်။

**ဆင်ဟွာ။**



## ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် တာလီဘန် ခြောက်ဦးသေ

**ဒီရာအစ်မေခန် ဇန်နဝါရီ ၅**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အမေရိကန်ဒရုန်းလေယာဉ် ပစ်ခတ်မှုကြောင့် အနည်းဆုံးစစ်သွေးကြွ ခြောက်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအရာရှိများက ဆိုသည်။

အဆိုပါပစ်ခတ်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြောက်ဝါဇီရစ္စတန် လာဝါရာမန်ဒီရှိ စစ်သွေးကြွများ၏ စစ်စခန်းနှစ်ခု ပျက်စီးခဲ့သည်။

ယခုတိုက်ခိုက်မှုသည် လွန်ခဲ့သောလက ကျောင်းသား ၁၃၂ ဦးကို အစုလိုက်အပြုံလိုက် သတ်ခဲ့သည့်အတွက် တာလီဘန်စစ်သွေးကြွများအား ချေမှုန်းရန် တိုက်ခိုက်ရေးအရှိန် ပိုမိုမြှင့်တင်ခြင်းပင် ဖြစ်သည်။ ကျောင်းသားများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းသည် နိုင်ငံ၏သမိုင်းတွင် အကြမ်းဖက်မှုများအနက် အဆိုးဆုံး လုပ်ရပ်ဖြစ်သည်။

ဇန်နဝါရီ ၅ ရက်တွင် တရားစီရင်သူများအနေဖြင့် စစ်သွေးကြွများအား အမှုစစ်ဆေးရန် စစ်ခုံရုံးများကို လွှဲပြောင်းပေးရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မဲဆန္ဒပေးရမည်ဖြစ်သည်။ နိုင်ငံ၏တရားရုံးများက စစ်သွေးကြွများအား အမှုစစ်ဆေးရန် ကြောက်ရွံ့နေကြောင်း ပြည်သူများက ဆိုသည်။

အမေရိကန် ဒရုန်းလေယာဉ်များ အသုံးပြုမှုသည် နိုင်ငံ၏အချုပ်အခြာအာဏာကို ဖောက်ဖျက်ကျူးကျော်မှုတစ်ခုဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံကကြေညာထားသည်။ ပါကစ္စတန်နိုင်ငံနှင့် တာလီဘန်စစ်သွေးကြွများ ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နေစဉ် ၂၀၁၄ ခုနှစ် အစောပိုင်းခြောက်လအတွင်း အမေရိကန်က ဒရုန်းလေယာဉ်များကို အသုံးပြုခဲ့ခြင်းမရှိပေ။

**ရိုက်တာ။**

## သီရိလင်္ကာရွေးကောက်ပွဲအကြိုကာလသေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား

**ကိုလံဘို ဇန်နဝါရီ ၅**

သီရိလင်္ကာနိုင်ငံ၌ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံး လှုပ်ရှားမှုကာလ၏ နောက်ဆုံးနေ့ဖြစ်သော ဇန်နဝါရီ ၅ ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အတိုက်အခံ ပါတီမှ နိုင်ငံရေးလှုပ်ရှားသူသုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သမ္မတ မဟိန္ဒြာ ရာဇာပက်ဆေး ၏ အဓိကပြိုင်ဘက် မေသရီပါလာ သီရိဆင်နာက မဲဆွယ်စည်းရုံးဟောပြောရာတွင် အသုံးပြုမည့် စင်မြင့်တစ်ခုကို ဆောက်လုပ်နေစဉ် သေနတ်သမားများက မော်တော်ယာဉ်များဖြင့် လိုက်ပါလာကာ ပစ်ခတ်ခဲ့ကြပြီး ထွက်ခွာသွားခဲ့ကြကြောင်း၊ ပစ်ခတ်ခံရမှုကြောင့် စင်မြင့်ဆောက်လုပ်နေသူ နိုင်ငံရေးလှုပ်ရှားတက်ကြွသူသုံးဦး ဒဏ်ရာရရှိကြောင်း ရဲမှူးကြီး အာဂျစ်ရို ဟာနားက ပြောကြားသည်။

နိုင်ငံရေးအရ အကြမ်းဖက်တိုက် ခိုက်မှုဖြစ်ပြီး သေနတ်သမားများကို ဖမ်းဆီးရမိနိုင်ရန် မိမိတို့ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ရွေးကောက်ပွဲ အကြိုကာလ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ ပြုလုပ်နေကြစဉ် ဂိုဏ်းဂဏ အကြမ်းဖက် တိုက်ခိုက်မှု များ ကြိုးကြားကြိုးကြားဖြစ်ပွားခဲ့ သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု ကာလကို ဇန်နဝါရီ ၅ ရက် ညသန်းခေါင်အချိန်တွင် အဆုံးသတ်ရန် ရွေးကောက်ပွဲကော်မရှင်က ညွှန် ကြားထားသည်။

ရွေးကောက်ပွဲတွင် မိမိတို့ အနိုင် ရရှိမည်ဟု မျှော်လင့်ကြောင်း အာဏာရပါတီ တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

**ပီတီအိုင်။**

## နိုင်ငံစုံတပ်ဖွဲ့ များ ထွက်ခွာမည့်အစီအစဉ်ကို ပြန်လည်သုံးသပ်ရန် အာဖဂန်သမ္မတ ပြောကြား

**ကဘူး ဇန်နဝါရီ ၅**

၂၀၁၆ ခုနှစ်ကုန်ခန့်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့အားလုံး ပြန်လည်ထွက်ခွာကြမည့် အစီအစဉ်ကို ပြန်လည်သုံးသပ်ပါရန် အာဖဂန်သမ္မတက အမေရိကန်ပြည်ထောင်စုသို့ ယနေ့ အကြံပြုလိုက်သည်။

နောက်ဆုံးသတ်မှတ်ချိန်ဟူသည်မှာ တရားသေမဖြစ်သင့်ပါဟု သမ္မတ အာရှဖ်ဂါနီက စီဘီအက်(စ်) မိနစ် ၆၀ အစီအစဉ်၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့ခြင်းကို တနင်္ဂနွေနေ့ ညနေပိုင်းတွင် ထုတ်လွှင့်ခဲ့သည်။

မိမိတို့သည် ရည်မှန်းချက်အောင်မြင်ရန် အကောင်းဆုံး ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ တိုးတက်မှုလည်း အမှန်ပင်ရရှိခဲ့ကြောင်း၊ နိုင်ငံစုံတပ်ဖွဲ့ အားလုံး ပြန်လည်ရုပ်သိမ်းသည့် နောက်ဆုံးသတ်မှတ်ချိန်ကို ပြန်လည်သုံးသပ်ရန် ဆန္ဒရှိသင့်ကြောင်း သမ္မတက ထပ်လောင်းပြောကြားခဲ့သည်။

၎င်း၏ အမြင်ကို ထုတ်ဖော်ပြောဆိုသည်မှာ အမေရိကန်သမ္မတ ဘာရက်အိုဘားမားကို ရည်ရွယ်ပါသလားဟု မေးမြန်းသည့်အခါ အိုဘားမားက ၎င်းကို သိကြောင်း၊ ၎င်းနှင့် အိုဘားမားမှာ တစ်ဦးနှင့်တစ်ဦးပြောရန်ပင် မလိုကြောင်း ဂါနီက ပြောသည်။



အဆိုပါ တနင်္ဂနွေနေ့ညက ထုတ်လွှင့်ခဲ့သော ဂါနီပြောစကားနှင့် ပတ်သက်၍ အမေရိကန် အိမ်ဖြူတော်က လည်းကောင်း၊ နိုင်ငံခြားရေးဌာနက သော်လည်း ကောင်း၊ ပင်တဂွန်မှ သော်လည်းကောင်း ချက်ချင်းတုံ့ပြန်မှု မရှိပေ။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်၌ ၎င်းတို့၏ တိုက်ခိုက်ရေးတာဝန် ပြီးဆုံးသည့် တရားဝင်အခမ်းအနားကို လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ကျင်းပခဲ့သည်။

**ဖောက်(စ်)နျူး။**

## မြောက်ကိုရီးယားအား အမေရိကန် ပိတ်ဆို့မှုများပြုလုပ်

**ဝါရှင်တန် ဇန်နဝါရီ ၅**

ဆိုနီရုပ်ရှင်လုပ်ငန်းအား ဆိုက်ဘာတိုက်ခိုက်ခဲ့မှုနှင့် ပတ်သတ်ပြီး အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို ဘက်ပေါင်းစုံမှ စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။

အမေရိကန်အစိုးရက မြောက်ကိုရီးယား၏ အာဂျီဘီစစ်ထောက်လှမ်းရေးအေဂျင်စီ၊ ကိုရီးယားသတ္တုဖွံ့ဖြိုးမှုကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် ကိုရီးယားတန်ဂန်းကော်ပိုရေးရှင်းတို့နှင့်အတူ လက်နက်ခဲယမ်းရောင်းဝယ်ရေးတွင် ပါဝင်ပတ်သတ်မှုရှိသည့်လူ၁၀ဦးတို့ကို စီးပွားရေး ပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများသည် ရုရှားနှင့်အီရန်နိုင်ငံများအတွက် အထိနာသော်လည်း နှစ်ပေါင်း၅၀ကြာ အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုခံခဲ့ရသည့် မြောက်ကိုရီးယားအတွက်မူ အလွန်အမင်း ထိခိုက်နစ်နာမှုမရှိပေ။

ပြုံယမ်းက ဆိုနီရုပ်ရှင်လုပ်ငန်းဆိုက်ဘာတိုက်ခိုက်မှုကို ငြင်းဆန်ခဲ့သည်။ သို့သော် ဝါရှင်တန်က ဆိုနီရုပ်ရှင်လုပ်ငန်းဆိုက်ဘာတိုက်ခိုက်ခံရမှုတွင် ၎င်းမြောက်ကိုရီးယားတို့ ပါဝင်ပတ်သတ်မှုရှိကြောင်း ပြောသည်။

စီးပွားရေးပိတ်ဆို့မှုသည် မြောက်ကိုရီးယား၏အဖျက်အမှောက် လုပ်ရပ်များနှင့်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသည့်လုပ်ရပ်များကို ချုပ်ကိုင်နိုင်ရန်ဖြစ်ကြောင်း ဝါရှင်တန်က ထုတ်ပြန်ချက်ထဲတွင် ထည့်သွင်းဖော်ပြထားကြောင်း ဘဏ္ဍာရေးဌာနကပြောသည်။

**ရိုက်တာ။**

## ၂၀၁၄ ခုနှစ်တွင် လမ်းမများပေါ် မတော်တဆမှုကြောင့် ကမ္ဘောဒီးယား၌ လူ ၂၁၀၀ ကျော် သေဆုံး

**ဖနောင်ပင် ဇန်နဝါရီ ၅**

၂၀၁၄ ခုနှစ်အတွင်းက ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော လမ်းမများပေါ် မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးသူဦးရေ ၂၁၄၈ ဦးရှိခဲ့ပြီး ယင်းမှာ ၂၀၁၃ ခုနှစ်အတွင်း သေဆုံးခဲ့ရသူ ဦးရေ ၁၉၀၁ ဦးထက် ၁၃ ရာခိုင်နှုန်း ပိုမိုကြောင်း ကမ္ဘောဒီးယားအမျိုးသားရဲအဖွဲ့က ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားသော လမ်းမများပေါ် မတော်တဆဖြစ်မှုများ၌ နိုင်ငံခြားသားဦးရေ ၂၂၀ ပါဝင်ကြောင်း၊ အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်အတွင်း၌ ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူ ဦးရေမှာ ၈၀၅၇ ဦးရှိပြီး ၂၀၁၃ ခုနှစ်က ထိခိုက်ဒဏ်ရာရသူ ၇၂၀၈ ဦးနှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းမြင့်မားသည်ဟု ဆိုသည်။ ၂၀၁၄ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၂၄၈၈ မှု၌ အိမ်စီးကား၊ ကုန်တင်ယာဉ်နှင့် ဘတ်စ်ကားတိုက်မှုများ ပါဝင်၍ မော်တော်ဆိုင်ကယ်တိုက်မှု ၅၀၂၆ မှုဖြစ်ပွားခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာလအတွင်းက လမ်းမများပေါ်တွင် ယာဉ်တိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၃၃၇ သန်းကျော် ကျခံသုံးစွဲခဲ့ရကြောင်း ကမ္ဘောဒီးယားပြည်ထဲရေးဝန်ကြီး ဘာခန်းက ပြောကြားသည်။

ယာဉ်မတော်တဆဖြစ်စဉ်များအတွက် အဓိကဖြစ်ပွားစေသည့်အချက်များမှာ အရှိန်မြင့်မောင်းနှင်မှုနှင့် အရက်သေစာသောက်စားမူးယစ်၍ မောင်းနှင်မှုများဖြစ်သည်ဟု ကမ္ဘောဒီးယားပြည်ထဲရေးဝန်ကြီးက မြို့တော်ဖနောင်ပင်၌ ကျောင်းသားများအား ဆိုင်ကယ်စီးဦးထုပ်များ ဝေမျှခြင်းအခမ်းအနား၌ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မော်တော်ဆိုင်ကယ် မတော်တဆမှု ၇၃ ရာခိုင် နှုန်းဖြစ်ပွားပြီး ယင်းတို့အနက် ၅၈ ရာခိုင်နှုန်းမှာ ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးသူများဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စင်းရေ ၄၁၀ယ၀၀၀ ရှိပြီး မော်တော်ဆိုင်ကယ် နှစ်သန်းခန့်ရှိသည်။ **ဆင်ဟွာ။**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

**တောင်ငူ၊ ဇန်နဝါရီ ၅**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၁)ရပ်ကွက် ခာတုကလျာလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီ တွင်ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့ တက်ရောက်ချီးမြှင့်ပြီး ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ ပြည်သူလူထုစုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ကိုဦးမှ လမ်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြ၍ ရပ်မိရပ်ဖ ဦးမြင့်သူက ကျေးဇူးတင်စကားပြောကြားပြီး ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ညို၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလမ်းသည် အလျားပေ ၂၄၈၀၊ အကျယ် ၁၂ ပေရှိ ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၂၁၃ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

# ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်သော ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ဘားအံ၊ ဇန်နဝါရီ ၅**

ကရင်ပြည်နယ်၊ဘားအံမြို့တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ပြည်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဘားအံမြို့ အမှတ်(၆)ရပ်ကွက် မင်္ဂလာလမ်း အရှည် ပေ ၈၇၀၊ အကျယ် ၁၅ ပေ၊ တန်ဖိုးငွေကျပ် ၁၀၂ သိန်းနှင့် နီလာလမ်းအရှည် ပေ ၆၅၀၊ အကျယ် ၁၅ ပေ၊ တန်ဖိုးငွေကျပ် ၇၂ သိန်း တန်ဖိုးရှိ ကွန်ကရစ်လမ်းသစ်နှစ်လမ်းအား ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ကြောင်းသိရသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်မှ မင်္ဂလာလမ်းနှင့် နီလာလမ်း ကွန်ကရစ်လမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြပြီး၊ ရပ်မိရပ်ဖ ဦးသာဆိုင်မှ ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မင်္ဂလာလမ်းနှင့်နီလာလမ်း ကွန်ကရစ်လမ်းသစ်အား ဘားအံမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစောဘူဒိုမန်း၊ မြို့နယ်စည်ပင်သာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက အမှတ်တရဓါတ်ပုံရိုက်ကြပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက်ပိုင်းကသန်လျင်မြို့နယ် ရဲတပ်ဖွဲ့အားကစားကွင်း၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင် တက်ရောက် အားပေးချီးမြှင့်သည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲသို့ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိ၊ အရာခံ အကြပ်တပ်သားများနှင့်မိသားစုဝင်များ တက်ရောက်ကြပြီး အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်ငွေ(သန်လျင်)**



## စာကြည့်တိုက်စံငါးရပ်နှင့် ညီသော အမြင်သစ် စာကြည့်တိုက်တွင် လုပ်ငန်းများ စစ်ဆေး

**ရန်ကုန်၊ ဇန်နဝါရီ ၅**

မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင် ဒေါ်မြတ်စန်းငြိမ်းသည် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့လိုက်ပါ၍ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စာကြည့်တိုက်စံငါးရပ်နှင့်ညီသော အမြင်သစ်စာကြည့်တိုက်သို့ ရောက်ရှိလာပြီး စာကြည့်တိုက်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် အမြင်သစ်စာကြည့်တိုက်ရုံးခန်းတွင် မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းအဖွဲ့ဝင် ဒေါ်မြတ်စန်းငြိမ်း၊ ခရိုင်နှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေ၊ အတွင်းရေးမှူး ဦးကျော်သိန်း၊ စာကြည့်တိုက်မှူး ဦးညွန့်ဝင်းတို့သည် စံငါးရပ်နှင့်ညီသော အင်းစိန်မြို့နယ် မြို့သစ် ၈ ရပ်ကွက်ရှိ အမြင်သစ်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် e-Library စနစ်အဆင့်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

# လာမည့် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဇလွန်မြို့၌ ကွန်ကရစ်လမ်း နှင့် တံတားများ ဆက်လက်တည်ဆောက်သွားမည်

**ဇလွန်၊ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ကွန်ကရစ်လမ်းရှစ်လမ်း၊ RC တံတားလေးစင်း ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးခင်မောင်ဦးက ပြောသည်။

"ယခင်ကရှိပြီးလမ်းများအပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်သူနှင့် စည်ပင်ပူးပေါင်းပြီး ကွန်ကရစ်လမ်းသုံးလမ်း၊ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကွန်ကရစ်လမ်း နှစ်လမ်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်သူနှင့်စည်ပင်ပူးပေါင်းပြီး ကွန်ကရစ်လမ်း ၁၂ လမ်း၊ ကတ္တရာထပ်ပိုးလွှာနှစ်လမ်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် ရေမြောင်းတူးဖော်ခြင်း၊ ကွန်ကရစ်တံတားငါးစင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်လမ်းရှစ်လမ်း၊ RC တံတားလေးစင်း ဆောင်ရွက်မှာဖြစ်လို့ တစ်မြို့လုံး လမ်းကောင်းများ ဖြစ်လာပါတော့မယ်" ဟု ဦးခင်မောင်ဦးက ပြောသည်။

ဇလွန်မြို့၏ အချို့လမ်းများသည် ယခင်က ချိုင့်များ၊ မိုးအခါရေဝပ်၍ ရေအိုင်ငယ်များဖြစ်နေရာ အဆိုပါနေရာများ၌ ယာဉ်များ၊ ရဟန်း၊ ပြည်သူ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရာတွင် အခက်အခဲရှိခဲ့သည်။ ယခုအခါ မြေသားလမ်းများကို ကျောက်ချောခင်းပေးရန် စီစဉ်ထားရှိပြီး၊ မြို့ပေါ်ငါးရပ်ကွက်ရှိ လမ်းအချို့တွင် ကွန်ကရစ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းနေကြောင်း သိရသည်။

ဇလွန်မြို့တွင် ကွန်ကရစ်လမ်းများခင်းနေခြင်းနှင့်ဆက်စပ်ပြီး ဒေသခံများကိုမေးမြန်းရာ "ယခင်သွားရေးလာရေးခက်ခဲသောလမ်းများကို ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများအဖြစ် ပြုပြင်ပေးပြီး အသစ်တည်ဆောက်ပေးတော့ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်လို့ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ **အေးနိုင်(ဇလွန်)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၁၁၆)၊ မြေကွက်တည်နေရာအမှတ် (၁၁၆)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၁၈၇)၊ မြေကွက်တည်နေရာအမှတ် (၁၈၇)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၁၉၉)၊ မြေကွက်တည်နေရာအမှတ် (၁၉၉)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၂၀၃)၊ မြေကွက်တည်နေရာအမှတ် (၂၀၃)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၁၈၈)၊ မြေကွက်တည်နေရာအမှတ် (၁၈၈)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၈၊ မြေကွက်အမှတ် (၂၀၄)၊ မြေကွက်တည်နေရာအမှတ် (၂၀၄)၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒေါ်ခင်လှ (ခ) အင်ပွေလင်း (၁၃/တကန (နိုင်) ၁၀၂၀၇၄) အမည်ပေါက် မြေအား အမည်ပေါက် ဒေါ်ခင်လှ (ခ) အင်ပွေလင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးခင်မောင် (၁၃/တကန (နိုင်) ၁၄၆၇၄၀) က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၉၃၊ မြေကွက်တည်နေရာအမှတ်-(၉၃)၊ ဓမ္မရာဇာ(၃)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ညိုညို) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ(ဒေါ်ညိုညို)နှင့် ခင်ပွန်းဖြစ်သူ (ဦးလှချို)တို့ ကွယ်လွန်သဖြင့် ဦးပိုပို[၁၂/ဥကတ(နိုင်)၀၈၃၄၆၇]၊ ဒေါ်နုနုချို[၇/အတန(နိုင်)၀၀၄၉၈၃] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်စိန်(S/OKA-၀၅၀၂၀၄)နှင့် ပူးတွဲ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၂၆၄၃(၁၂-၁-၂၀၁၄)၊ ၁၃၇၁၉(၂၂-၅-၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးအောင်ခွန်ဆွေ[၁၂/ဗဟန(နိုင်) ၀၂၄၇၁၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂၃၇၅ (၂၈-၈-၂၀၁၄)ကို တင်ပြ၍ ဤအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**န့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၂/က၊ မြေကွက်တည်နေရာအမှတ်(၂၂/က)၊ ဗြဟ္မစိုရ်လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစိုးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးစိုးမြင့်)ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကတ(နိုင်)၁၀၇၈၁၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၃၅၈ (၂၇-၈-၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးအေးချမ်းဦး[၁၂/ကတတ(နိုင်)၀၀၀၉၄၉]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၇၅(၁၂-၉-၁၄)တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၁)၊ မြေကွက်တည်နေရာအမှတ်(၁)၊ ယခုအခေါ်(၂၄၂)၊ ပင်လုံလမ်းနှင့် ရွှေသီရိလမ်းထောင့်၊ ဦးသိန်းဦး[၁၂/မရက(နိုင်)၀၀၆၁၄၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းဦးနှင့် ဇနီးဒေါ်နွဲ့နွဲ့တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်သိန်းသိန်းနွဲ့[၁၂/မရက(နိုင်)၀၀၂၂၂၉]၊ (၂)ဦးအောင်စိုးမိုး[၁၂/မရက(နိုင်)၀၀၂၂၃၀] (၃)ဒေါ်သိန်းသိန်းဌေး[၁၂/မရက(နိုင်) ၀၀၂၂၃၁]၊(၄)ဒေါ်သိန်းသိန်းအေး [၁၂/ဒဂတ(နိုင်)၀၀၁၀၀၄]၊ (၅)ဒေါ်သိန်းသိန်းထွေး[၁၂/ဒဂမ(နိုင်)၀၀၇၃၄၂]၊ (၆)ဦးသီဟစိုး[၁၂/ဒဂမ(နိုင်)၀၁၂၅၀၂] တို့က သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၁၈-၁၁-၁၄)နှင့် မိခင်၊ ဖခင်သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ဤဌာနသို့ မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ယခုနှစ်တွင် စပါးအောင်မြင်မှုနည်းသောကြောင့် စပါးခြွေလှေ့စက် အငှားလိုက်သူများ လုပ်ငန်းမကောင်း

**ရမည်းသင်း၊ ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှမြို့နယ်ခွဲအတွင်းရှိ မြို့လှအုပ်စု၊ ဝါးရုံတောအုပ်စု၊ ပွဲဆည်အုပ်စု၊ အင်းပေါင်အုပ်စု အစရှိသော အုပ်စုများအတွင်းရှိ ကျေးရွာများတွင် စပါးရိတ်သိမ်းခြွေလှေ့ချိန်ဖြစ်သောကြောင့် စပါးခြွေစက် (စူးလုံး)၊ စပါးလှေ့စက် စက်အငှားလိုက်သူများ ယခုလရာသီတွင် ဝင်ငွေရကြသော်လည်း ယခင်နှစ်ကလောက် လုပ်ငန်းမကောင်းကြောင်း သိရသည်။



ယင်းသို့ စပါးခြွေစက် (စူးလုံး) ဖြင့် ခြွေပြီးစပါးများကို အဖျင်း၊ အမှော်ကင်းစင်စေရန်အတွက် ပဲတီစိမ်းခွဲစက်များကိုငှားရမ်း၍ စပါးလှေ့ကြသည်။ လှေ့ခတစ်တင်းလျှင် တစ်ရာကျပ်ပေးရပြီး စက်နေရာအရွှေ့အပြောင်းလုပ်ကိုင်ရပါက တစ်နေ့လျှင် စပါးတင်း ၈၀ မှ ၁၀၀ ဝန်းကျင်ပြီးအောင် လှေ့သောကြောင့် ဝင်ငွေတစ်သောင်းကျပ်ဝန်းကျင်ရကြောင်းဒေသခံများကပြောသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုနည်း၍ စပါးဖြစ်ထွန်းအောင်မြင်မှုညံ့သောကြောင့် စပါးခြွေစက်၊ စပါးလှေ့စက်အငှားလိုက်သူများယခင်နှစ်လောက် ဝင်ငွေမကောင်းခြင်းဖြစ်သည်။

ယင်းဒေသများတွင် ရိတ်သိမ်းပြီး စပါးများကို စပါးခြွေစက် (စူးလုံး) ဖြင့် ခြွေကြသည်။ စက်ငှားခမှာ တစ်နာရီလျှင် ၃၅၀၀ ကျပ်ဖြစ်သည်။ စပါးခြွေစက်အငှားလိုက်သူများမှာ တစ်နေရာမှတစ်နေရာ စပါးခြွေမည့်နေရာများအရောက် ရွှေ့ပြောင်းဝန်ဆောင်မှုပေးကြသောကြောင့် စပါးစိုက်တောင်သူများ အဆင်ပြေကြသည်ဟုသိရပြီး နေရာအရွှေ့အပြောင်း အကြိမ်ရေနည်းပါက တစ်နေ့ ၇ နာရီဝန်းကျင် စပါးခြွေလုပ်ငန်းပြီးအောင် လုပ်ဆောင်နိုင်သည်ဟု သိရသည်။ စက်အငှားလိုက်သူများတွင် ကောက်လှိုင်းများ စက်အတွင်းသို့ထည့်ခြွေရန် လူနှစ်ဦးပါရှိပြီး စက်ငှားသူမှ ထမင်းကျွေးရသည်။ စက်အငှားလိုက်သူများမှာ တစ်နေ့ လုပ်ငန်းချိန် ၇ နာရီတွင် စက်သုံးဆီ ဒီဇယ်နှစ်ဘူးသာကုန်၍ ငွေနှင့်နှိုင်းယှဉ်သော် အကျိုးအမြတ်သင့်သည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## အောင်မြေသာစံမြို့နယ်တွင် စိတ်ကြွဆေးများဖမ်းမိ

**မန္တလေး၊ ဇန်နဝါရီ ၅**

ဒုရဲအုပ် စောနိုင်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ ကျောက်သပိတ်ရဲကင်းမှူးရဲတပ်ကြပ်ကြီးကံမြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်က သက်သေများနှင့်အတူ သတင်းအရ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ကမ်းနားလမ်း ၁၉ × ၂၀ လမ်းကြားတွင် ဆိုင်ကယ်အနီးထိုင်နေသူ ချစ်ဇော်နှင့် အောင်ကျော်စိုးတို့နှစ်ဦးအား စစ်ဆေးရှာဖွေရာ ချစ်ဇော်ထံမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆ ပြား၊ အလေးချိန် ၁၅ ဒသမ ၆ ဂရမ်၊ နံပါတ်ပါဆင်းကတ် နှစ်ခုထည့်ထားသည့် လက်ကိုင်ဖုန်းတစ်လုံးတို့အားရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းတို့နှစ်ဦးအား စစ်မေးရာ ချစ်ဇော်မှ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား လွန်ခဲ့သည့်တစ်လခန့်က မဘိမ်းမြို့နယ်၊ ငအိုးကျေးရွာအုပ်စု၊ ကြံခင်းကုန်းကျေးရွာနေ ဘွားတော် (အမည်ရင်းမသိ)ထံမှ ဝယ်ယူခဲ့ပြီး အောင်ကျော်စိုးမှာ ချစ်ဇော်မှ ဆေးပြားများရောင်းချပြီးပါက ရရှိသောအကျိုးအမြတ်အား ခွဲဝေပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ရောင်းချရန်အတွက် ၎င်း၏ဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် ချစ်ဇော်၊ အောင်ကျော်စိုးနှင့် ဘွားတော်တို့သုံးဦးအား အမှတ် (၅)မြို့မရဲစခန်း၊ မယ(ပ) ၁၇/ ၁၄၊ မူး/စိတ်ပုဒ်မ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ငွေဆောင်ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးများဆောင်ရွက်

**ငွေဆောင်၊ ဇန်နဝါရီ ၅**

ငွေဆောင်ကမ်းခြေဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်နှင့်ဌာနဆိုင်ရာများ ကမ်းခြေလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ဟိုတယ်ဇုန်မှ တာဝန်ရှိသူများစုပေါင်းပြီး ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီက ကမ်းခြေသန့်ရှင်းရေး စည်းကမ်းထိန်းသိမ်းအဖြစ်ပျောက်အိုး မီးရှူးမီးပန်းများကို မရောင်းရ စည်းကမ်းအရ မီးရှူးမီးပန်း ပုံးအကြီးသုံးပုံး၊ အလတ်ကိုးပုံး၊အသေး ၁၁ ပုံး မီးရှူးတိုင်အကြီး ၁၃ ချောင်း၊ အလတ် ၁၄ ချောင်း၊ အသေး ၂၀ ချောင်း၊ ပါကင်လေးထုပ်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ကမ်းခြေတွင်စည်းကမ်းမဲ့မောင်းနှင်သော မော်တော်ဆိုင်ကယ် သုံးစီးအား စီမံခန့်ခွဲရေးနည်းလမ်းဖြင့်ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်ထပ်မံဖမ်းဆီးရမိပါက ဥပဒေကြောင်းအရ ဖမ်းဆီးအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။**မျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်သူများနှင့်ကျောင်းသား/သူများကိုဆေးဝါးကုသ

**ပန်းတောင်း၊ ဇန်နဝါရီ ၅**

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စီမံရေးရာနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်တို့နှင့်အတူ ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျီးပင်အုပ်စု ကျီးပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံခဲ့သည်။

စီမံရေးရာနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားကြရာ မိမိတို့အဖွဲ့ ယခုလိုလာရောက်ရခြင်းသည် ဒေသခံပြည်သူများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးကိစ္စ အခမဲ့ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးကာ ဆေးဝါးများ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေးဆွေးနွေး

**ဇီးကုန်း၊ ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က ရန်ပုံငွေကျပ်သိန်းတစ်ထောင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်က ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြီး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးဦးက လုပ်ငန်းရွေးချယ်မှု၊ စည်ပင်သာယာအလုပ်အမှုဆောင် ဦးမြင့်ဝေက ငွေစာရင်းဆိုင်ရာများ၊ အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးမျိုးညွန့်က ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးတင်ပြခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသူများက လုပ်ငန်းကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။

အခမ်းအနားကို မြို့နယ်အထောက်အကူပြုကော်မတီဝင် ကိုးဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ခြောက်ဦး၊ စီမံခန့်ခွဲရေးရာကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် အထောက်အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

CRÖWN EDUCATION Yangon • Myanmar

AMERICAN COLLEGE PROGRAM
(The world most recognised University Preparation Program)

အမေရိကန် ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ကြီးများဝင်ခွင့်လျှောက်ထားနိုင်သည့် ACT စာမေးပွဲအတွက်ပါပြင်ဆင်ပေးမည့်ပရိုဂရမ်ဖြစ်ပါသည်။

- ဤပရိုဂရမ်သည် GCE 'A', Grade 12 တို့နှင့် ညီမျှပြီး အမေရိကန်မှ လက်မှတ်ထုတ်ပေးမည့်ပရိုဂရမ်ဖြစ်ကာ SAT ဖြေဆိုစရာမလိုဘဲအမေရိကန်တက္ကသိုလ်များသို့ ဝင်ခွင့်တိုက်ရိုက်လျှောက်ထားနိုင်သည့်အပြင် State University of New York, University of South Florida ကဲ့သို့သောတက္ကသိုလ်များမှ Credit 31 မှ 39 ကို ကင်းလွတ်ခွင့်ပေးပါသည်။
- မြန်မာပြည်တွင် (၁၀)လပြီးဆုံးပါက စင်ကာပူတွင် (၂)နှစ်ဖြင့်ဘွဲ့ရရှိမည်ဖြစ်ပါသည်။ အင်္ဂလန်၊ဩစတြေးလျတက္ကသိုလ်ကြီးများတွင် foundation တက်စရာမလိုဘဲ တက္ကသိုလ်ပထမနှစ်သို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ဤပရိုဂရမ်သင်ယူပြီးဆုံးမှ မိမိတို့နှင့်သင့်လျော်သော အထူးပြုဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ပါသည်။
- မြန်မာပြည်တွင် Foundation ပြီးဆုံးသူများ သတ်မှတ် အရည်အချင်း ပြည့်မီပါက အောက်ပါတက္ကသိုလ်များတွင် Foundation ထပ်မံ တက်ရောက်စရာမလိုဘဲ တက္ကသိုလ် ပထမနှစ်သို့ တိုက်ရိုက် တက်ရောက်နိုင်သဖြင့် အချိန်နှင့်ငွေ အကုန်အကျ များစွာသက်သာပြီး မိမိစိတ်ကြိုက်နိုင်ငံ၊ မိမိတို့နှင့် သင့်လျော်သော တက္ကသိုလ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည်။

| USA | | AUSTRALIA | UK | SINGAPORE | BANGKOK |
|---|---|---|---|---|---|
| .State University of New York (SUNY) Albany | .Iowa State University | .RMIT University | .Newcastle University | .PSB Academy | .Bangkok University |
| .State University of New York (SUNY) Fredonia | .Johnson & Wales University | .Macquarie University | .Kingston University, London | .James Cook University | .Rangsit University |
| .Oklahoma State University | .University of Maine | .University of Newcastle | .University of Huddersfield | .Singapore Institute of Management | .University of the Thai Chamber of Commerce (IC-UTCC) |
| .University of Arkansas | .University North Alabama | .University of Wollongong | .University of Sussex | .Curtin Singapore | |
| .University of Georgia | .University of Oklahoma | .Griffith University | .Brunel University | | |
| .University of Iowa | .Berkeley College | .University of Adelaide | .University of Hertfordshire | | |
| | .Webster University | .Edith Cowan University | .University of Portsmouth | | |
| | .University of South Florida | .Murdoch University | .Swansea University | | |

Call us:
01 527 838
09 730 40 688
09 732 56 965
09 732 732 77



ACT EDUCATION SOLUTIONS, LIMITED
GLOBAL ASSESSMENT CERTIFICATE

11 Jan
10:00 am - 12:00 noon
CROWN Education Office

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများ၏ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်သော ပရိုဂရမ်ဖြစ်ပါသည်။



# တမူးမြို့နယ်သို့ ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးရောက်ရှိ

**တမူး၊ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်၊ တမူးမြို့သို့ စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)မှ အငှားလိုက်ဝန်ဆောင်မှုစနစ်ဖြင့် ဆောင်ရွက်ရန် ပေးပို့သော DKC-865 (Combine Harvester) (Kukje-Korea)အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက် နှစ်စီး ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်အား တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဖော်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးရုံးသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်စွာလင်းက DKC-865 ရိတ်သိမ်းခြွေလှေ့စက်နှစ်စီးအား လက်တွေ့စမ်းသပ်မောင်းနှင်ပြသခဲ့ကြောင်း သိရသည်။

တမူးခရိုင်အနေဖြင့် မိုးစပါးစိုက်ပျိုးဧက ၄၆၉၈၅ ရှိရာ စပါးစိုက်ဧရိယာများအား စက်မှုလယ်ယာဦးစီးဌာနမှ DKC-865 ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးအား အငှားဝန်ဆောင်မှုစနစ်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တောင်သူများအနေဖြင့် ရာသီအချိန်မီ ရိတ်သိမ်းခြွေလှေ့ပြီးစီးနိုင်ရာ အချိန်ကုန် လုပ်ပင်ပန်းဖြစ်မှုမှ သက်သာစေနိုင်သည့်အပြင် တောင်သူများ ဝင်ငွေတိုးတက်မြင့်မားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ကျေးရွာအဝင်လမ်းအား ကတ္တရာလမ်းသစ်ခင်း

**နေပြည်တော်၊ ဇန်နဝါရီ ၅**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရှားတောကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မဂ်လာနေရာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးအောင်မိုးက ဇမ္ဗူသီရိမြို့နယ်၊ ရှားတောကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်မြင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တဲကြီးကုန်းကျေးရွာ၊ အမှတ်(၇၃) အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်က ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ရှားတောကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဒေါ်စန်းစန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ရှားတောကျေးရွာ အဝင်လမ်းသည် အရှည် ပေ ၁၇၀၀ နှင့် ဂုံမင်းအင်းကျေးရွာ အဝင်လမ်းကတ္တရာလမ်းသစ်သည် အရှည် ပေ ၁၅၀၀ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းများဖြစ်ကာ ယခင်ကမြေသားလမ်းများကို ဒေသခံပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ကတ္တရာလမ်းသစ် ဖောက်လုပ်ပေးခြင်းအတွက်ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေးများ နှောင့်နှေး ကြန့်ကြာမှုမရှိဘဲ အဆင်ပြေ ချောမွေ့စွာဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ရွှေကုက္ကို)**

# ကလေးဝတွင်အခွန်ဆိုင်ရာ ပညာပေးဟောပြော

**ကလေးဝ၊ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အကောက်များ တိုးတက်ရရှိစေရေး ရည်ရွယ်လျက် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင်ကျင်းပခဲ့ရာ လုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

အခွန်ဆိုင်ရာရှင်းလင်းပွဲတွင်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ဉာဏ်မှ အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်သည် အရေးကြီးကြောင်း၊ အခွန်ဆောင်ခြင်းဖြင့် တာဝန်သိသော၊ တာဝန်ကျေသော နိုင်ငံသားဖြစ်ရန်လိုကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# ကချင်ပြည်နယ် စင်ကြိုင်ကျေးရွာရှိ မီးဘေးသင့် မိသားစုများအတွက် ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား၊ ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ကန်ပိုင်တည်မြို့နယ်အတွင်းရှိ စင်ကြိုင်ကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲခန့်တွင် လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးလောင်ကျွမ်းခဲ့ရာ မိသားစုများ၏ နေအိမ် ၈၀ မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၈၃ စု နေအိမ်ဆုံးရှုံးခဲ့သဖြင့် မီးဘေးသင့် မိသားစုများ၏ ယာယီနေထိုင် စားသောက်မှုအဆင်ပြေစေရေးအတွက် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ စေတနာရှင်များသည် ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၇၃ သိန်း တန်ဖိုးရှိအန္တေးထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျပ်သိန်း ၃၀ တန်ဖိုးရှိယုန်မွှေးစောင်များနှင့် ကျောင်းသုံးပစ္စည်းများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကျပ်သိန်း ၃၀ တန်ဖိုးရှိ ယုန်မွှေးစောင်များနှင့် အဝတ်အထည်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှ အန္တေးထည် ၁၅၀၊ ပြည်နယ်အမျိုးသမီးရေးအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှငွေ ကျပ် ၁၀ သိန်းတန်ဖိုးရှိ မီးဖိုချောင်သုံးပစ္စည်းများနှင့် အဝတ်အထည်များအား ထောက်ပံ့ခဲ့သည်။

ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်းတို့မှ ကျပ်တစ်သိန်းခွဲ၊ အဲဗားဝင်းနား၊ ရွှေဇင်ထိုက်၊ မနောဧရာ၊ MIT၊ MEG၊ DRD နှင့် ကောင်းကင်လွင်၊ ရွှေစွန်သိုက်ကုမ္ပဏီ၊ ဒေါ်ဝင်းဝင်းမော်နှင့် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၇၆ သိန်းတန်ဖိုးရှိ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ စာရေးကိရိယာများနှင့် အလှူငွေများကို လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ကြပြီး ကလေးငယ်များကိုလည်း နှစ်သစ်ကူး လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ပြည်နယ်ပြန်/ဆက်**


## ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဥက္ကာသီရိကုမ္ပဏီလီမိတက်အား ၂၀၁၅ ဇန်နဝါရီလ ၁ရက်မှ စတင်၍ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

အမှတ်(၂၈)၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၉၅-၁)၅၃၈၀၂၃၊ ၅၀၀၀၄၉
(၉၅-၉)၄၅၀၀၆၃၉၁၁၊ ၄၂၀၀၀၁၈၈၄၊ ၇၃၂၅၀၈၄၅၊
(၉၅-၉)၇၃၂၅၀၇၈၅(**Medical**)
(၉၅-၉)၇၃၀၉၄၃၂၀ (**Consumable**)
ဖက်စ်(၉၅-၁)၅၀၅၂၀၉
**Email:sales@okkarthiri.com, aftersales@okkarthiri.com**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဘုရင့်နောင်၊ မြေကွက်အမှတ်(၈၇၃)၊ မြေကွက်တည်နေရာအမှတ်(၂၃)၊ တွံတေးကားလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးရန်ကျင်း(K-013430)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင်ဦးရန်ကျင်း(၂၉-၁၀-၀၄)၊ မိခင်ဒေါ်တီ(၁၈-၁၀-၉၁)ကွယ်လွန်၊ သားဖြစ်သူ ဦးရှုအောင်[၁၂/ဒလန(နိုင်)၀၂၇၆၁၇](ခ) ဦးဇဝန[၁၂/ဒလန(နိုင်)၀၀၀၁၈၇]သည် (လူပျိုကြီး)ဘဝဖြင့်သာသနာ့ဘောင်သို့ အပြီးအပိုင်ဝင်ရောက်သွားခဲ့သဖြင့် သမီးများဒေါ်သိန်းသိန်း[၁၂/ဒလန(နိုင်)၀၃၈၃၆၄]၊ ဒေါ်မြင့်စိန်(Q/RGN-002584)၊ ဒေါ်သန်းစိန် [၁၂/လမတ(နိုင်)၀၁၄၁၄၉]၊ ဒေါ်ကြည်[၁၂/ဒလန(နိုင်)၀၂၇၆၁၉]၊ဒေါ်ဌေးဌေးဝင်း[၁၂/ဒလန(နိုင်)၀၂၇၆၁၈]နှင့်(သား) ဦးရှုမောင်(၁၈-၁-၁၄)ကွယ်လွန်၏ ဇနီး ဒေါ်ကျင်မွေး[၁၂/ဒလန(နိုင်)၀၀၁၄၅၆]နှင့်(သမီး)ဒေါ်တိုးတိုးဝင်း(၂၁-၆-၁၄)ကွယ်လွန်၏ခင်ပွန်း ဦးတင်ရီ[၁၂/တတန(နိုင်)၀၆၀၅၃၅]တို့က သမီး၊ ချွေးမ၊ သားမက်တို့တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ဒေါ်ကြည်မှကိုယ်တိုင်နှင့်ကျန်(၆)ဦးထံမှ GP ၂၅၉၀၉/၁၄(၁၉-၉-၁၄)အရပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၄/ခ)၊ မြနီ(၁)လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁) ဦးသန်းရွှေ၊ (၂)ဒေါ်ခင်ရီ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်ခင်ရီ[၁၂/ဗတထ(နိုင်)၀၁၉၈၈၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့်

**"သီရိသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်) ဦးကိုကိုအေး"**

**(အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)**အား

၂၀၁၅ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင်

**"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"**

ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

**(ဖခင်)သီရိသုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ**
**ဆင်မင်း(ဦးတင်ရွှေ)-(မိခင်)ဒေါ်ကြည်ကြည်(ဆင်မင်းဆပ်ပြာစက်)**
**ညီအစ်ကိုမောင်နှမများနှင့် တူ၊ တူမများ**

## "မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့်

**"သီရိသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်) ဦးကိုကိုအေး"**

**(အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)**အား

၂၀၁၅ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင်

**"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"**

ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက်

အထူးပင် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရှေ့အနာဂတ်တွင်လည်း မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံအကျိုးတို့အား စွမ်းစွမ်းတမံကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေကြောင်း မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်။

**ဇနီး ဒေါ်သီသီနိုင်(ခ)မသူဇာ**
**သားကြီး-ကျော်ကိုကိုချစ်၊ သားငယ်-ကျော်ကိုကိုဟိန်း**

## "မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့်

**"သီရိသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်) ဦးကိုကိုအေး"**

**(အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)**အား

၂၀၁၅ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင်

**"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"**

ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

- **အမျိုးသားဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်။** -
- **ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီလီမိတက်။**
- **ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်း၊ ကြံခင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ကျောက်တံခါးမြို့နယ် (၁၀၀၀၀ဧက ဝန်ထမ်းများ)။**
- **နဝရတ်စည်သူ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်။**
- **ရောကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်။**
- **သီရိသန်းစံ ကုမ္ပဏီလီမိတက်။**

**ကုမ္ပဏီဝန်ထမ်းများ**


SKYSUITES
PRIVATE & QUALITY LIVING
FREEHOLD
LAND
ရာဝတီဘဏ်
AYA Bank
အကောင်းဆုံးငွေပေးချေမှုစနစ်
တစ်လလျှင် ၃၉ သိန်း
မှစ၍
Q HOME
Quality Home, Quality Life
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959-252 80 8200, 252 80 8300
Comcon Group
SPINE ARCHITECTS
507
*terms & conditions apply
*Limited qty

# (၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးရီ(ခ)လီးရီဟိုင်း

**၆-၁-၂၀၀၈ - ၆-၁-၂၀၁၅**

ပါးပါးမိသားစုနှင့်ခွဲခွာသွားတာ (၇)နှစ်တောင်ပြည့်သွားပြန်ပါပြီ။ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလိုပါပဲ။ အဖေနေရာမှာရော၊ အမေနေရာမှာရော နေပြီး၊ သားနှစ်ယောက်နှင့်လောကကြီးကို ကြံ့ကြံ့ခံရင်ဆိုင်နေပါတယ်။ မိသားစုရဲ့ပြုသမျှ ကုသိုလ်ကောင်းမှုများကိုလည်း မေတ္တာပို့သအမျှပေးဝေပါတယ်။

ပါးပါးကိုအမြဲလွမ်းဆွတ်သတိရလျက်ပါ။

**ချစ်ဇနီး - ဒေါ်သန်းသန်းဆွေ**

**သား - ကျော်ခိုင်၊ ပြည့်စုံခိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ASIA EXPRESS CO.,LTD ၏နာယကကြီး**

**ဦးကိုကိုလေး(ဖြူးမြို့နယ်၊ ဇေယျဝတီမြို့)**

**အသက်(၇၆)နှစ်**

ASIA EXPRESS CO.,LTD ၏နာယကကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးကိုကိုလေး အသက်(၇၆)နှစ်သည် ၂၀-၁၂-၂၀၁၄ ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိန်ဝတ်မှုံကုမ္ပဏီလီမိတက်(Hisense Electronic Brand)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ရေကန်၊ ဒါယိကာမကြီး**

**ဒေါ်ကျင်ရီ(အုန်းချောင်း)(ငပုတော)**

**အသက်(၆၈)နှစ်**

**အောင်ရတနာသိဒ္ဓိပွဲရုံ ဘုရင့်နောင်**

မြန်မာနိုင်ငံငါးပိငါးခြောက်၊ ငံပြာရည်ထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်-ဒေါ်မူမူမြင့်တို့၏မိခင်ကြီးသည် ၃-၁၂-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**အသင်းသားများ**

**မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်၊ ငံပြာရည်ထုတ်လုပ်ရောင်းဝယ်သူများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဒေါက်တာဦးကြည်(နတ်တလင်း) (၉၃)နှစ်**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်-၉၃ နေ အန်တီဒေါ်ခင်သန်း၏ခင်ပွန်း၊ ကိုဝင်းမော်-မဘေဘီ၊ ကိုကိုနီလင်း-မဘုတ်ဘုတ်၊ ကိုမြဟန်-မရှယ်လီ၊ ကိုနေလင်းကြည်-မလဲ့လဲ့ခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင် အန်ကယ်ဒေါက်တာဦးကြည်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး)သည် ၂၉-၁၂-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေငါး(ရွှေဆိုင်မိသားစု)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက်နာယက ဦးသိန်းဝင်း(ခ)လင်းကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သချၤာအသင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးသက်ကိုကို(အထက်တန်းရှေ့နေ)၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်လှ (၆၃)နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ကြီးမှူးငြိမ်း)သည် ၂-၁-၂၀၁၅ ရက်(အင်္ဂါနေ့) ည ၉း၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေနေခြည်ဘုရားဖူးပို့ဆောင်ရေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ကြည်ဦး(ညွှန်ကြားရေးမှူး)**

**အသက်(၅၃)နှစ်**

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ကြည်ဦး အသက်(၅၃)နှစ်သည် ၁-၁-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၁း၀၅ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**

**ကြေးတိုင်နှင့်မြေစာရင်းမိသားစု**

**လူမှုရေးအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**

**အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်**

**အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]**

**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]၊ အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**

**ဈေးကွက်နှင့်ဝန်ဆောင်မှုမြှင့်တင်ရေးဌာန**

**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဒေါက်တာဦးကြည်(နတ်တလင်း) (၉၃)နှစ်**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်-၉၃ နေ အန်တီဒေါ်ခင်သန်း၏ခင်ပွန်း၊ ကိုဝင်းမော်-မဘေဘီ၊ ကိုကိုနီလင်း-မဘုတ်ဘုတ်၊ ကိုမြဟန်-မရှယ်လီ၊ ကိုနေလင်းကြည်-မလဲ့လဲ့ခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင် အန်ကယ်ဒေါက်တာဦးကြည်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး)သည် ၂၉-၁၂-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာဦးထွန်းလှ-ဇနီးဒေါ်ယုခင်မြင့် မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည်(နတ်တလင်း)**

**M.B.,B.S, Ph.D(Uro), (Glasgow)**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်(Fortune International Ltd)တို့၏ဖခင် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**GM နှင့်ဝန်ထမ်းများ**

**GUYOMARC'H FORTUNE ကုမ္ပဏီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**

**အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်**

**အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]**

**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]၊ အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**

**လုံခြုံရေးနှင့်သတင်းစုဆောင်းရေးဌာန-ရုံးချုပ်**

**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**

**အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်**

**အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]**

**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]၊ အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**

**International Banking Division**

**ကမ္ဘောဇဘဏ်လီမိတက်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဗိုလ်မှူးဝင်းလွင်(အငြိမ်းစား) (ရေ-၁၀၇၄)

**အသက်(၇၀)**

**စစ်တက္ကသိုလ်အမှတ်စဉ်-၁၀**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အဏ္ဏဝါရိပ်သာ၊ တိုက်(၁၂/ခ)၊ အခန်း(၁၀)နေ (ဦးအေးလွင်-ဒေါ်ခင်စန်း)တို့၏သားကြီး၊ [ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကြီး(ရေ) (ငြိမ်း)-ဒေါ်စိန်ရီ]တို့၏သားသမက်၊ (ဒေါ်ချိုချို)၏ခင်ပွန်း၊ (ဦးဝင်းသူရ)၊ ဒေါ်အေးအေးချို-ဦးကျော်ဆန်းဦး၊ ဒုတိယဗိုလ်မှူးကြီး မင်းသူရ(ရေ)-ဒေါ်လတ်လတ်ထွန်းတို့၏မွေးသဖခင်၊ ဦးကြည်လွင်-ဒေါက်တာနီနီစိန်၊ ဦးစိုင်းသန်းထွန်း - ဒေါ်ခင်မေလွင်တို့၏အစ်ကိုကြီး၊ မောင်သီဟန်ကျော်ဆန်း၊ မောင်စွမ်းရည်ထက်တို့၏အဘိုးသည် ၂-၁-၂၀၁၅(သောကြာနေ့) နံနက် ၇ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါသည်။)

[ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက်(၁၂/ခ)၊ အခန်း(၁၀)၊ အဏ္ဏဝါရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးသောင်း(ရေနံချောင်း)၊ အသက်(၁၀၀)**

ကုန်းဇောင်းအခြေခံပညာအထက်တန်းကျောင်း ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ဒေါက်တာတင်တင်ဝင်း (စာရေးဆရာမ ဂျူး)၏မွေးသဖခင် ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးသောင်း(ရေနံချောင်း)သည် ၂၈-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသား၊ ကျောင်းသူဟောင်းများ**

**ကုန်ဇောင်းအခြေခံပညာအထက်တန်းကျောင်း**

**ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**

**အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်**

**အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]**

**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]၊ အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**

**ဘဏ်တွင်းစာရင်းစစ်နှင့်ဘဏ်ခွဲများကွပ်ကဲရေးဌာန**

**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**

**အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်**

**အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]**

**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ[မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]၊ အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**

**သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာဌာန**

**ကမ္ဘောဇဘဏ်လီမိတက်**

# ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက် ငြိမ်းချမ်းရေးရယူလိုစိတ်အပြည့်ဖြင့် ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းတည်ဆောက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးစုစည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ရပ်တည်နိုင်ရန် တိုင်းရင်းသားအားလုံးတွင် တာဝန်ရှိကြောင်း၊ ပြည်သူရွေးချယ်ထားသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တပ်မတော်ကရွေးချယ်ခြင်းမဟုတ်ဘဲ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ထားသောလမ်းကြောင်းတွင် မဖြစ်ဖြစ်အောင်သွားရန်လိုပြီး မသွားနိုင်လျှင်ကျန်ခဲ့မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကိုလက်မခံလျှင် ချန်ခဲ့၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှောက်လှမ်းရာတွင်လည်း ရည်မှန်းချက်၊ ရည်ရွယ်ချက်အားလုံး သိရှိပြီးဖြစ်၍ မှန်ကန်သည့်စိတ်ဖြင့် သွားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တွေ့ဆုံပွဲသို့တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် အထူးဒေသ-၂ (UWSA-2) ဗဟိုကော်မတီဝင် ဦးပေါက်ယူရီ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ-၄(NDAA)ဒုတိယဥက္ကဋ္ဌ ဦးဆန်ပေ့၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA(PC)မှ စောရင်နု၊ ဒီမိုကရေစီအကျိုးပြု

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

# နိုင်ငံရေးအကျဉ်းသားများ ရေးရာကော်မတီဖွဲ့စည်း

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံရေးအကျဉ်းသားများ၏ အရေးကိစ္စများနှင့်ပတ်သက်၍ လျင်လျင်မြန်မြန် အောက်ခြေအဆင့်အထိ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ခုနှစ် မေလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် "လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ" အား အဖွဲ့ဝင် ၂၈ ဦးပါဝင်သည့် **"နိုင်ငံရေးအကျဉ်းသားများရေးရာကော်မတီ"** အဖြစ် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၅)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်နေ့နှင့် အထိမ်းအမှတ် မနောပွဲတော် မနောကွင်းဖွင့်ပွဲနှင့် ကုန်စည်ပြပွဲဖွင့်လှစ်

**မြစ်ကြီးနား ဇန်နဝါရီ ၅**

(၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် အထိမ်းအမှတ် မနောပွဲတော် မနောကွင်းဖွင့်ပွဲနှင့် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်း၌ ကျင်းပရာ မနောကွင်းဝင်ပေါက်၌ အင်္ဂလီကန်ဘုန်းတော်ကြီး ကာနွန်အာဖြဟန်ဇော်ခေါင်က ဆုတောင်းဆက်ကပ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခိလအောင်နှင့်အတူ မနောကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ✽**



မောင်ခေါင်လန်လဂျာ (မြစ်ကြီးနားတက္ကသိုလ်)　မဂွျယ်ဆိုင်းမော် (မြစ်ကြီးနားတက္ကသိုလ်)




သန်းဦး(လေးမျက်နှာ)

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း မကြာမီဖွင့်လှစ်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၄)၏ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင်တည်ရှိသော ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

စပါးသီးနှံအပါအဝင် သီးနှံစုံ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား၊ အကြီးစား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ယခုဖွင့်လှစ်တော့မည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးသည် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပါဝင်သည့် ဘက်စုံစီမံကိန်းတစ်ခုပင်ဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံမှာ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အမြင့် ၂၄၅ ပေ၊ အလျား ပေ ၁၀၂၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၆၃၂၅၃၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၁၄၅၇၀ ဖြစ်ပြီး အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧက ၉၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် တပ်ဆင်ဓာတ်အား ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် ရေအားလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဖြူးချောင်းရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အမြင့် ၂၇ ပေ၊ အလျား ၁၆၅ပေ ရှိမည်ဖြစ်သည်။

ဖြူးချောင်း ဆည်ရေသောက်စနစ်အနေဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## ယနေ့ မာတိကာ

ပြည်ထောင်စုအိမ်ကြီး
စာမျက်နှာ - ၂

ရွှန်းတင့်အမှန် အာဆီယံခရီးသွား လုပ်ငန်းဖိုရမ်
စာမျက်နှာ - ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ/ ဆောင်ရွက်ရန် လျာထားသည့်တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများ
စာမျက်နှာ - ၈၊ ၉

themirror.npt@gmail.com
www.facebook.com/themirrordaily





